## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၁)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေး

## မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသည် အဓိကကျ၊ အဓိကကျသည့်ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေး စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၆**

သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၇ ရက်)

# စည်းလုံးညီညွတ်သောအင်အားဖြင့် . . .

ပြည်ပနိုင်ငံအချို့သည် မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသက်ဆိုးရှည်ရေးနှင့် သူတို့လိုချင်သည့် အခြေအနေတစ်ရပ်ပေါ် ပေါက်စေရေး ယုတ်ညံ့သောဆန္ဒရှိနေသည်။ ထိုနိုင်ငံများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများနှင့်အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိသည်။ ဤသည်မှာ မြန်မာနိုင်ငံသားအားလုံးမြင်တွေ့သိရှိနေသည့်အရာများဖြစ်သည်။

မြို့ရွာနေပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးအောင်တိုက်ခိုက်နေကြသော သောင်းကျန်းသူအကြမ်းဖက်အဖျက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြန်လည်တိုက်ခိုက်ရသည့်အခါ အရပ်သားပြည်သူများမထိခိုက်စေရန် ချမှတ်ထားသည့်ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများနှင့် အကြမ်းဖက်သောင်းကျန်းမှုနှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများနှင့်အညီ တတ်နိုင်သမျှထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA ၊ AA၊ TNLA နှင့်ယင်းတို့နှင့်ဆက်နွှယ်သော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် ဩဂုတ်လ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအားရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့်ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ စစ်ရေးပစ်မှတ်မဟုတ်သော ဆရာဝန်/သူနာပြုအပါအဝင် ဝန်ထမ်းများ၊ အရပ်သူ/အရပ်သားများ၊ ကလေးသူငယ်များ၊ ရင်ခွင်ပိုက်ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာအနီးကပ်ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင်လူနာအချို့အား ဖမ်းဆီးခေါ်ဆောင်ခြင်းများပြုလုပ်ခဲ့သည်။

ဤဖြစ်ရပ်သည် လူသားမဆန်သည့် ဆိုးဝါးသောအကြမ်းဖက်မှုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုလည်းကောင်း၊ ပြည်တွင်းရှိတည်ဆဲဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုလည်းကောင်း ရည်ရွယ်ချက်ရှိရှိချိုးဖောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအကြမ်းဖက်သောင်းကျန်းသူများနှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများအား အကြမ်းဖက်သောင်းကျန်းသူအဖြစ်သတ်မှတ်ကာ ပြည်တွင်း၌သာမက နိုင်ငံတကာမှလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ်သတ်မှတ်၍ အရေးယူပိတ်ဆို့ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့်ဆက်နွှယ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူမဆန်စွာအကြမ်းဖက်ရက်စက်ယုတ်မာသည့်လုပ်ရပ်များကို မြန်မာနိုင်ငံရှိအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများအနေဖြင့် သန်းပေါင်းများစွာသောရဟန်း၊ ရှင်၊ လူ၊ ပြည်သူများကိုကိုယ်စားပြု၍ လုံးဝ(လုံးဝ) လက်မခံပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများထုတ်ပြန်ခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူမှန်သမျှတို့၏လုပ်ရပ်များကြောင့် ပြည်သူတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်များ များစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ လူငယ်များပညာသင်ကြားခွင့်ဆုံးရှုံးကြရသည်။ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတို့၏လုပ်ရပ်များကို မည်သည့်ပြည်သူတစ်ဦးတစ်ယောက်ကမျှလက်မခံပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ဩဂုတ်လ ၅ ရက်နေ့တွင် မိဘပြည်သူများသို့ပြောကြားစဉ် **"ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာပြည်ကြီးတည်ငြိမ်အေးချမ်းဖို့ အသက်၊ သွေးချွေးများရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးကြတဲ့ ခေတ်အဆက်ဆက်က မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ပြည်သူများဟာ မြန်မာပြည်ကြီးရဲ့ဦးဆောင်လမ်းပြတဲ့ သူရဲကောင်းတွေအဖြစ် အမြဲတည်ရှိနေမှာပါ။ အသိအမှတ်ပြုလေးစားအမှတ်ရနေမှာဖြစ်ပါတယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့နေစေရန်မှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများအားလုံး စည်းလုံးညီညွတ်နေကြရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပအဖျက်သမားမှန်သမျှ၊ အဖျက်လုပ်ရပ်မှန်သမျှကို စည်းလုံးညီညွတ်မှုဖြင့်သာ ရင်ဆိုင်နိုင်မှာဖြစ်သည်။ ခေတ်အဆက်ဆက်အသက်သွေးချွေးများရင်းနှီးပေးဆပ်ခဲ့သည့် မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများကဦးဆောင်ဆင်နွှဲနေသော တရားသောစစ်အောင်မြင်ဖို့ ပြည်သူအားလုံးက ယုံကြည်စွာဝိုင်းဝန်းပေးကြရန်ဖြစ်သည်။ တပ်မတော်နှင့်မျိုးချစ်ပြည်သူလူထုရှိနေသမျှ မြန်မာနိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲရပါမည်။ တည်တံ့ခိုင်မြဲအောင်လည်း လုပ်ဆောင်လျက်ရှိပါသည်။ စည်းလုံးညီညွတ်သောအင်အားဖြင့် အမိနိုင်ငံတော်ကြီးကိုကာကွယ်စောင့်ရှောက်ကြပါစို့ ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။




မကွေး၊ လှူမှုရေး

## မကွေးမြို့နယ်ရှိ သံဘိုရွာသစ်ကျေးရွာ၌ VDP စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာ၌ ဘက်စုံသုံးခန်းမအုတ်ရိုးနံရံကာခြင်းလုပ်ငန်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၆ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်ကျေးရွာ၌ အရှည်ပေ ၁၃၀၊ အမြင့် ၁၂ ပေရှိသည့် ဘက်စုံသုံးခန်းမအုတ်ရိုးနံရံကာခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အလျားပေ ၆၀၊ အနံ ၃၆ ပေရှိသည့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါလုပ်ငန်းများကို ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၄၈ သိန်းနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ စုစုပေါင်းငွေကျပ် ၁၉၈ သိန်းဖြင့် ဩဂုတ်လ ၂၀ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## Myawady Digital Set Top Box **ထုတ်နတ်ရှုမြင်အစီအစဉ်**

၇-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

**မြဝတီရုပ်မြင်သံကြား**

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇း၂၀ | ဓမ္မပူဇာတေး |
| ၃။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၇း၄၀ | မျိုးချစ်တပ်မတော် |
| ၅။ | ၇း၄၅ | မြန်မာ့ရှုခင်း |
| ၆။ | ၈း၃၅ | Movies and Movies |
| ၇။ | ၈း၄၅ | ဇာတ်လမ်းတို |
| ၈။ | ၉း၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၉။ | ၁၀း၅၀ | Liked |
| ၁၀။ | ၁၁း၂၅ | သီချင်းလက်ဆောင် |
| ၁၁။ | ၁၁း၄၀ | Sport Review |
| ၁၂။ | ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၃။ | ၁၃း၁၀ | အမှတ်တရနေ့ရက်များ |
| ၁၄။ | ၁၆း၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၁၅။ | ၁၈း၄၀ | Music Gallery |
| ၁၆။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ ပူဇာစပူဇနေယျာနံ** |

**MWD Variety Channel**

| | | |
|---|---|---|
| ၁။ | ၁၀း၂၄ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၂။ | ၁၁း၄၂ | ရောင်စုံပျံ့သင်းစာပန်းခင်း |
| ၃။ | ၁၂း၅၂ | ရွာဖွေလေ့လာ ပြတိုက်မှာ |
| ၄။ | ၁၄း၁၄ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၁၆း၁၈ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၆။ | ၁၇း၄၈ | Knowledge Note |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းများ** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဦးထက်မြတ်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်း(ကျွမ်းကျင်) မြန်မာ** - ဦးသိန်ခ်သူ၊ ဦးကိုကိုအောင်၊ ဦးညွန့်ဝင်း
**နေပြည်တော်သတင်းတာဝန်ခံ** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**ရန်ကုန်သတင်းတာဝန်ခံ** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၃၂၅၉၇၇၄၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၅၉၀၁၁၁၆၉၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဩဂုတ် ၆

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏(၁/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် သီးနှံမျိုးစေ့များနှင့်သွင်းအားစုများ ထောက်ပံ့ပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်ရောဂါကာကွယ်ဆေးဝါး၊ တိရစ္ဆာန်အစာထောက်ပံ့ပေးနိုင်မှု၊ ငါး၊ ပုစွန်သားပေါက်များ ဖြန့်ဖြူးထောက်ပံ့ပေးမည့် အစီအစဉ်များ၊ စားရေရိက္ခာအတွက် အရန်ဆန်ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်မှု ကူညီကယ်ဆယ်ထောက်ပံ့ပေးခဲ့မှု အခြေအနေများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများနှင့်ပတ်သက်၍ ရေတို၊ ရေရှည်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ကော်မတီဝင်များအနေဖြင့် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ကော်မတီဝင်ဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများက ဌာနအလိုက် လက်ရှိဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများလျာထားနိုင်မှု၊ ရေရှားပါးကျေးရွာများအတွက် ရေဖြန့်ဝေပေးနိုင်မှု၊ လတ်တလောဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ်ဒေသများတွင် ဆောင်ရွက်ပေးနေမှု ၊ ရေကြီးနစ်မြုပ်ဒေသများတွင် ထိခိုက်ပျက်စီးမှုကွင်းဆင်းစစ်ဆေးဆောင်ရွက်ထားမှု၊ အရန်မျိုးစပါးစုဆောင်းထားရှိမှု၊ ကြိုတင်ပျိုးထောင်ထားရှိမှု၊ အစားထိုးသီးနှံစိုက်ပျိုးရန် လျာထားမှု၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးမည့်အစီအစဉ်များ၊ ပညာပေးဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ ပြန်လည်ထူထောင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပျက်စီးသွားသော လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးလိုအပ်သည့်မျိုးနှင့် သွင်းအားစုများပံ့ပိုးနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပြီး လုပ်ငန်းများ ပြန်လည်သုံးသပ်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **(၅၀၀)**

နေပြည်တော် ဩဂုတ် ၆

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ထွက်ခွာ



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင်ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။

အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ဩဂုတ်လ ၈ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ လုပ်ငန်းသုံးသပ်ခြင်းအစည်းအဝေးနှင့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုပေးပွဲအခမ်းအနားများကိုလည်းကောင်း၊ ဩဂုတ်လ ၉ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏အစည်းအဝေးများဖြစ်သော (၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ-တရုတ်ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ-အမေရိကန် ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေးများကိုလည်းကောင်း တက်ရောက်မည်ဖြစ်ပြီး အဆိုပါအစည်းအဝေးများတွင် အာဆီယံဒေသတွင်းနိုင်ငံများပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံ ၂၀၂၅ အလွန် ကျန်းမာရေးဦးစားပေးကဏ္ဍရပ်များ သတ်မှတ်ခြင်း၊ ကမ္ဘာ့ကပ်ရောဂါ အလွန်ကျန်းမာရေးစနစ်စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် Digital နည်းပညာအား တိုးမြှင့်အသုံးပြုခြင်း အစရှိသော ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၆

# မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ကျင်းပ

မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရုံးအမှတ်(၃၁) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက In-Person ဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများက Video Conferencing ဖြင့်လည်းကောင်းတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဇူလိုင်လ ၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) တွင် ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြပေးရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားနှင့်ဆက်စပ်အစီအစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များကို ထူးချွန်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ၊ လူရည်ချွန်ဆုရရှိသူများကို စိစစ်ရွေးချယ်ခဲ့မှုများနှင့်ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။ **(၅၀၀)**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

> "ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသော ဓာတ်ငွေ့များသည် မည်သည့်အကြောင်းအရာများကြောင့် လေထုအတွင်းရောက်ရှိလာသည်ကို သုတေသနပြုလုပ်လာကြသည်။ တွေ့ရှိမှုကို ကဏ္ဍခွဲ၍ဖော်ပြကြသည်. . ."

**ယမန်နေ့မှအဆက်**

### အခန်း (၂၅)

### ကမ္ဘာကြီးပူနွေးလာခြင်းအကြောင်းရင်း

ကမ္ဘာကြီး၏အပူချိန်သည် လွန်ခဲ့သောနှစ်လေးသိန်းခန့်မှစ၍ ၁၇၅၀ ပြည့်နှစ်အထိ သိသိသာသာတိုးလာခြင်းမရှိခဲ့ဟု သိပ္ပံပညာရှင်များက သုတေသနပြုထားကြသည်။ ဤကာလတွင် ကမ္ဘာကြီး၏ပျမ်းမျှအပူချိန်သည် ၁၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၅၆ ဒီဂရီဖာရင်ဟိုက်) ခန့်တွင် တည်ငြိမ်နေခဲ့သည်ဟုဆိုသည်။

သို့သော် ၂၀၁၆ ခုနှစ်တွင် ဆန်းစစ်မှုအရ အပူချိန်မှာ ၁၄ ဒသမ ၈၄ ဒီဂရီစင်တီဂရိတ်အထိ တိုးလာသည်ဟုဆိုသည်။ ဆိုလိုသည်မှာ ၁၇၅၀ ပြည့်နှစ်ထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် တိုးလာသည့်သဘောဖြစ်သည်။

ဤကာလကို နှစ်ပိုင်းပိုင်းကြည့်ပါက ပထမပိုင်းဖြစ်သော ၁၇၅၀ ပြည့်နှစ်မှ ၁၈၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၃၀ အတွင်း အပူချိန်တိုးလာမှုမှာ သုည ဒသမ ၆၅ ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး ဒုတိယပိုင်းဖြစ်သော ၁၈၈၀ ပြည့်နှစ်နှင့် ၂၀၁၆ ခုနှစ်ကြား နှစ်ပေါင်း ၁၃၆ နှစ်အတွင်း တိုးတက်လာသောအပူချိန်မှာ သုည ဒသမ ၈၅ ဖြစ်လာခဲ့သည်။ ဒုတိယကာလတွင် ပို၍ပူလာသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသုတေသနကို Intergovernmental Panel on Climate Change (IPCC) က ပြုလုပ်ထားခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသောဓာတ်ငွေ့များသည် မည်သည့်အကြောင်းအရာများကြောင့် လေထုအတွင်းရောက်ရှိလာသည်ကို သုတေသနပြုလုပ်လာကြသည်။ တွေ့ရှိမှုကို ကဏ္ဍခွဲ၍ဖော်ပြကြသည်။

ယင်းကဏ္ဍအလိုက် အချိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကမ္ဘာကြီးပူနွေးမှုဖြစ်စေသောကဏ္ဍအလိုက်အချိုးအစားများ**

| စဉ် အကြောင်းအရာ | အချိုးအစား(%) |
|---|---|
| ၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်အပူစွမ်းအင်ရရှိရေးကဏ္ဍမှ | ၂၅ |
| ၂။ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍမှ | ၂၄ |
| ၃။ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ | ၁၄ |
| ၄။ စက်မှုကဏ္ဍမှ | ၂၀ |
| ၅။ အဆောက်အအုံများကဏ္ဍမှ | ၆ |
| ၆။ တခြားကဏ္ဍများမှ | ၁၀ |

*Source:IPCC (2014)*

ကဏ္ဍအလိုက်ထုတ်လွှတ်မှုအချိုးသည် ကာလအလိုက် ပြောင်းလဲမှုရှိသည်။ ကဏ္ဍတစ်ခုချင်းစီကို ပြန်လည်သုံးသပ်ကြည့်ပါမည်။

**လျှပ်စစ်ဓာတ်အားနှင့်အပူရရှိရေးလုပ်ငန်းများမှ $CO_2$ ထုတ်လွှတ်မှု**

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို အရင်းအမြစ်မျိုးစုံသုံး၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို နှစ်ပိုင်းခွဲခြားကြည့်နိုင်သည်။ တစ်ပိုင်းမှာ တွင်းထွက်လောင်စာများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နျူကလီးယား စသည်တို့ကို သုံးစွဲခြင်းဖြစ်သည်။ နောက်တစ်ပိုင်းမှာ ပြန်လည်ပြည့်ဖြိုးနေသော ရေအား၊ နေအား၊ လေအား၊ ဘူမိအပူ၊ ဒီရေနှင့်ဒီလှိုင်း၊ ဇီဝလောင်စာ စသည်တို့ သုံးစွဲခြင်းဖြစ်သည်။

ပထမအုပ်စုတွင် အရင်းအမြစ်များကို လောင်စာအဖြစ်မီးရှို့၍ ဓာတ်အားပေးစက်ရုံလည်ပတ်ရာမှ ကမ္ဘာကြီးပူနွေးမှုကိုအားပေးမည့် ဓာတ်ငွေ့များထွက်လာစေသည်။ ဓာတ်အားပေးစက်ရုံအမျိုးအစားအလိုက် သုံးစွဲလိုက်သောလောင်စာကြောင့် ဓာတ်အားတစ်ကီလိုဝပ်နာရီထွက်ရှိတိုင်း မှန်လုံအိမ်ဓာတ်ငွေ့ (GHG) ကီလိုဂရမ် မည်မျှထုတ်လုပ်သည်ကို ဆက်လက်ဖော်ပြမည့်ဇယားတွင် တွေ့ရှိနိုင်သည်။

ဤဇယားကိုမဖော်ပြမီ တစ်ခုရှင်းလင်းဖော်ပြလိုပါသည်။ ယင်းမှာ ကမ္ဘာကြီးပူနွေးလာစေမည့် ဓာတ်ငွေ့အားလုံးကိုခြုံငုံ၍ Green House Gas (GHG) (မှန်လုံအိမ်ဓာတ်ငွေ့) စသည်ဖြင့်ခေါ်ဝေါ်ကြသည်။ ဤ GHG ထုတ်လွှတ်မှုကို အများစုက ကာဗွန်ထုတ်လွှတ်မှုဟုလည်း ခေါ်ကြသည်။ ကာဗွန်ထုတ်လွှတ်မှုဟု ခေါ်လာကြခြင်းကြောင့် တချို့က ကမ္ဘာကြီးပူနွေးမှုကို $CO_2$ ကြောင့်သာဖြစ်ရသည်ဟု မှတ်ယူတတ်ကြသည်။

သို့သော် GHG တွင် $CO_2$ တစ်မျိုးတည်းပါဝင်နေခြင်းမဟုတ်။ တခြားဓာတ်ငွေ့များ၏ပြင်းအားနှင့် $CO_2$ ၏ပြင်းအားကိုအချိုးချ၍ $CO_2$ အဖြစ် တစ်ပေါင်းတည်းကိန်းဂဏန်းပြောင်းပြီး ခေါ်နေကြခြင်းသာဖြစ်သည်။

GHG ထဲတွင် $CO_2$ အချိုးသည် အများဆုံးပါဝင်နေ၍လည်း $CO_2$ နှင့်ချိန်ညှိပြီး GHG ကို $CO_2$ ဟုဆိုခြင်းလည်းဖြစ်သည်။

GHG ထဲတွင်ပါဝင်နေသောဓာတ်ငွေ့အလိုက် (၂၀၁၄ ခုနှစ်) အချိုးအစားများမှာ-

- Carbon Dioxide ($CO_2$) — ၇၆%
  - တွင်းထွက်လောင်စာမီးရှို့မှုနှင့်စက်မှုလုပ်ငန်းများမှ ၆၅%
  - သစ်တောနှင့်မြေယာများမှ ၁၁%
- Methane ($CH_4$) ၁၆%
- Nitrous Oxide ($N_2O$) ၆%
- F-gases — ၂%
  - Hydrofluorocarbons ($HFC_s$)
  - Perfluorocarbons ($PFC_s$)
  - Sulphur hexafluoride ($SF_6$)

*Source:IPCC (2014)*

ဖော်ပြခဲ့သည့်ကိန်းဂဏန်းမှာ နှစ်အလိုက်အပြောင်းအလဲရှိနိုင်သည်။ ကမ္ဘာ့ပျမ်းမျှအချိုးများသာဖြစ်သည်။ နိုင်ငံအလိုက် ကွဲပြားသောအချိုးများလည်းရှိသည်။

နမူနာအားဖြင့် ၂၀၁၉ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်း (UK) တွင် ထုတ်လွှတ်ခဲ့သော GHG အချိုးမှာ-

- $CO_2$ ၈၁%
- $CH_4$ ၁၁%
- $N_2O$ ၅%
- F.gases ၃%

ဟူ၍ တွေ့ရမည်။

*Source:Government UK*

GHG တွင်ပါဝင်နေသော $CO_2$ ထက်ပြင်းသောဓာတ်ငွေ့အသီးသီး၏ ပြင်းအားအဆများအကြောင်း ပြန်ဆက်ပါမည်။ ဓာတ်ငွေ့အားလုံးသည် $CO_2$ ထက် ပြင်းအားများကြောင်း တွေ့ရသည်။

ဓာတ်ငွေ့ $CO_2$ ထက်ပြင်းအားအဆ

- $CH_4$ - ၂၁ ဆ
- $N_2O$ - ၃၁၀ ဆ
- $NO_X$ - ၅ ဆ
- ODS - ၁၃၀၀ ဆ
- $SF_6$ - ၂၃၉၀၀ ဆ

လျှပ်စစ်ကဏ္ဍမှထုတ်လွှတ်နေသော $CO_2$ မှာ ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်မတူလျှင် ပမာဏမတူပါ။ ကွဲလွဲမှုများကို ဓာတ်အားတစ်ကီလိုဝပ်စီအတွက် အရင်းအမြစ်တစ်မျိုးစီမှ ထုတ်လွှတ်လိုက်သော $CO_2$ ပမာဏများဖြင့် နှိုင်းယှဉ်ဖော်ပြပါမည်။

**အရင်းအမြစ်တစ်မျိုးစီအလိုက် ဓာတ်အားတစ်ကီလိုဝပ်နာရီ (တစ်ယူနစ်)အတွက် $CO_2$ ထုတ်လွှတ်မှု**

| စဉ် အရင်းအမြစ် | $CO_2$ ထုတ်လွှတ်မှု (Kg/killowatt Hour) |
|---|---|
| ၁။ ရေအား | ၆ . ၆ |
| ၂။ နျူကလီးယား | ၁၄. ၉ |
| ၃။ လေအား | ၁၆. ၄ |
| ၄။ နေအား(Concentrated Solar Power) | ၂၇. ၃ |
| ၅။ နေအား(Photovoltaic) | ၄၉. ၀ |
| ၆။ ဇီဝလောင်စာ | ၆၁. ၀ |
| ၇။ ဘူမိအပူ | ၆၂. ၀ |
| ၈။ ကျောက်မီးသွေး(Carbon Capture & Storage) | ၃၄-၄၁၀ |
| ၉။ သဘာဝဓာတ်ငွေ့(Combine Cycle) | ၃၅၀ |
| ၁၀။ ကျောက်မီးသွေး(Sub-critical) | ၁၇၀၀ |
| ၁၁။ ကျောက်မီးသွေး(Supercritical) | ၇၃၀ |
| ၁၂။ ကျောက်မီးသွေး(Ultra Supercritical) | <၇၀၀ |

*Sources: Climate Change & Nuclear Power, 2015,IAEA*

**ဆက်လက်ဖော်ပြပါမည်။**

---

**စစ်ကိုင်း၊ သက်မွေးပညာ**

## စစ်ကိုင်းမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့် စီမံကိန်းဖြင့် ဖွင့်လှစ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ်လ ၅ ရက်တွင် စစ်ကိုင်းမြို့ရှိ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က အမျိုးသမီးများဝင်ငွေတိုးရေးအတွက် သက်ဆိုင်ရာဌာနအနေဖြင့် သင်တန်းကို ခုနစ်ရက်ကြာဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် နည်းပညာများကို အသုံးချပြီး မိမိတို့မိသားစုအတွက် တစ်နိုင်တစ်ပိုင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စော်မြင့်နိုင်**



တောင်သာ၊ ကျေးလက်ဖွံ့ဖြိုးရေး

# တောင်သာမြို့နယ် အောင်ဇေယျဖြိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း CBR တိုင်းတာခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ရာသီမရွေးကျေးလက်ထုတ်ကုန်များ သယ်ယူပို့ဆောင်နိုင်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် အောင်ဇေယျဖြိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု လမ်းမျက်နှာပြင်သိပ်သည်းမှုတိုင်းတာခြင်း (CBR) လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ်လ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်မာပိုတို့နှင့် အတူ အောင်ဇေယျဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းမျက်နှာပြင်သိပ်သည်းမှုတိုင်းတာခြင်း(CBR) လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

အောင်ဇေယျဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မဖောက်လုပ်ခြင်း၊ ယင်းလမ်းပေါ်တွင် အရှည် ပေ ၅၀၊ အကျယ် ၁၅ ပေ ရေကျော်တံတားတစ်စင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၄၆ ဒသမ ၆၁ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၆ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၇၄ အိမ်ရှိ လူဦးရေ ၁၂၄၆ ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

ရန်ကုန်၊ အသိပညာပေး

# ကျောင်းသား ကျောင်းသူများကို စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြော




ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကြီးမှူး၍ ကျောင်းသား၊ကျောင်းသူများ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က အဖွင့်အမှာစကားပြောကြားပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာ၊ အမူအကျင့်ကောင်းများနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက ဟောပြောသည်။ ဆက်လက်၍ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများအဖြစ် ဖန်တီးနိုင်မှုဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးလက်စွဲစာစောင်များနှင့် စာအုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)က ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ထို့နောက် ကျောင်းအတွက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် အမှိုက်အိတ်တို့ကို မြို့မိမြို့ဖတစ်ဦးက ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြောင်း သိရသည်။

**ခင်မောင်တင်**

## မိုးလေဝသ သတင်း




သာယာဝတီ၊ လူငယ်ရေးရာ

# သာယာဝတီမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ်လ ၆ ရက်တွင် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်ရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ကျင်းပခြင်းဖြင့် လူငယ်များအသိပညာဗဟုသုတများစွာရရှိလာမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အစဉ်လေ့လာသင်ယူကာ အမျိုးအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးထမ်းရွက်နိုင်သည့် လူငယ်လူရွယ်များဖြစ်လာသည်အထိ ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က လူငယ်စကားဝိုင်းများ ကျင်းပခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိအောင်၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်အိရွှေစင်နှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာစသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသစာအုပ်များနှင့် နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

မြစ်သား၊ စိုက်ပျိုးရေး

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးကြိုဝါစိုက်ပျိုးထွက်ရှိမှုအား ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြိုင်ကုန်းကျေးရွာ မြိုင်ကုန်း လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူများစိုက်ပျိုးထားသော မိုးကြိုဝါစိုက်ပျိုးထွက်ရှိမှုအား ဩဂုတ်လ ၄ ရက်က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦးက ဒေသခံဝါစိုက်အသင်းသားတောင်သူများကို ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားပြီး ဝါစိုက်အသင်းသားတောင်သူများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးကြိုဝါ ၅၀၇ ဧကကို မြိုင်ကုန်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ၁၇၆ ဦးတို့က စိုက်ပျိုးခဲ့ရာ ဝါစိုက်ပျိုးသည့် အသင်းသားတောင်သူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပုံ့ပိုးငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း ပြန်လည်ပေးသွင်းသွားရန် လိုကြောင်း သိရသည်။

**ချမ်းမြေ့**

နေပြည်တော်   ဩဂုတ်   ၆

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ်လ ၅ ရက်နေ့နှင့် ယနေ့တို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များတက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်နှင့် ငွေကျပ်သိန်းငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်နှင့် ငွေကျပ်တစ်ရာနှစ်ဆယ့်ကိုးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်ရှစ်ဆယ့် လေးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းခြောက်ဆယ်နှင့် ငွေကျပ်သိန်းလေးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅)ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ်ရှစ်ဆယ့်ငါးသိန်းကို လည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်တစ်ရာသုံးဆယ့်နှစ်သိန်းနှင့် ငွေကျပ်နှစ်ရာလေးဆယ့်ခြောက်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဧည့်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်းနှစ်ရာတစ်ဆယ့်နှစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ရာမညခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းတစ်ရာနှစ်ဆယ့်ကိုးသိန်းကျော်နှင့် ငွေကျပ်သိန်းနှစ်ရာလေးဆယ့်တစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ထားဝယ်မြို့ရှိ တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းသုံးရာတစ်ဆယ့်တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာရွှေဝါခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းသုံးရာတစ်ဆယ့် နှစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဧည့်ခန်းမဆောင်၌ လည်းကောင်း တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် ကော်မရှင်ဥက္ကဋ္ဌတို့ကအသီးသီးပေးအပ်ရာ တိုင်းမှူးများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရွှေဝယ်သဇင်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စားသောက်ဖွယ်ရာများကို ရန်ကုန် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။   (၁၀၀)



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းအရာရှိများက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။

# ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) - Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL - 50 Scential)၊ Aeroqual (Series - 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer - 1941150)၊ (Gas Analyzer - 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မို နောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | ကောင်းမွန် | | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၆ | လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့ | ကောင်းမွန် | | | ကောင်းမွန် | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| | ၄ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၉ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | | | | | |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | | | | | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

## လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index- AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

မင်းဘူး၊ လှူမှုရေး

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးကျင်းပမည်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးကို ယခုလအတွင်း ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၅ ရက်တွင် မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးလေးထပ်ဆောင်အစည်းအဝေးခန်းမ၌ကျင်းပကြောင်းသိရသည်။




အစည်းအဝေးတွင် မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လဒုတိယပတ်အတွင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲတော်တွင် ကျပန်းစကားပြော၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများအပြင် စာဖတ်ဝိုင်းများ၊ ထူးချွန်ထင်ရှား မကွေးတိုင်းသားများ ပြခန်း၊ လှုပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ကျောင်းစာကြည့်တိုက်ပြခန်း၊ သိပ္ပံနှင့်နည်းပညာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားနည်းပြိုင်ပွဲမျိုးစုံ၊ စာပေဟောပြောပွဲများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ခင်းကျင်းပြသမည့် စာအုပ်ပြခန်းများအပြင် ဇည့်ခံဖျော်ဖြေပွဲများဖြင့် ကဏ္ဍအစုံအလင်ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း "ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" ကို (၁၀) ကြိမ်တိုင်တိုင်ကျင်းပမည်ရာ မင်းဘူးခရိုင်အနေဖြင့် မင်းဘူးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် စကုမြို့ အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်ကြိမ်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# တိုင်းရင်းဆေးတွင် ထင်ရှားသောဆေးအမှတ်(၇) နှင့်အမှတ်(၈)

ကြည်လွင်မြင့်(မုဒြာ)

> “နွယ်ချိုကဲဆေးကို နွယ်ချိုကဲလျက်ဆားဟူ၍သာ လူသိများသည်။ နွယ်ချိုအရသာချိုချိုလေးနှင့် သိန္ဓောဆား၏ အငန်အရသာ ပေါင်းစပ်လိုက်သောအခါ လျှာအရသာပေါ်သည့် လျက်ဆားဖြစ်သွားသည်။ ခံတွင်းကိုလည်း ကောင်းစေသည်။ သာမန်ချောင်းဆိုးရောဂါကိုလည်း ပျောက်ကင်းစေနိုင်သည်. . . ”

တိုင်းရင်းဆေးဆရာများအသုံးများသည့်ဆေးများတွင် တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲဆေးခေါ် နွယ်ချိုကဲချောင်းဆိုးပျောက်ဆေးနှင့် တိုင်းရင်းဆေးအမှတ်(၈) သွေးဒူလာဆေးခေါ် လိပ်ခေါင်းသွေးကျပျောက်ဆေး၊ သွေးဝမ်းကိုက်ပျောက်ဆေးများမှာ ထင်ရှားသည်။

နွယ်ချိုကဲဆေးကို နွယ်ချိုကဲလျက်ဆားဟူ၍သာ လူသိများသည်။ နွယ်ချိုအရသာချိုချိုလေးနှင့် သိန္ဓောဆား၏ အငန်အရသာပေါင်းစပ်လိုက်သောအခါ လျှာအရသာပေါ်သည့် လျက်ဆားဖြစ်သွားသည်။ ခံတွင်းကိုလည်းကောင်းစေသည်။ သာမန်ချောင်းဆိုးရောဂါကိုလည်း ပျောက်ကင်းစေနိုင်သည်။

ဆေးအမှတ်(၈) သွေးဒူလာဆေးသည် ဆရာကိုင်ဆေးဖြစ်သည်။ ဆရာကိုင်ဆေးဆိုသည်မှာ တိုင်းရင်းဆေးဆရာတစ်ဦးဦးက ရောဂါဖြစ်စဉ်အတိမ်အနက်ကို ချင့်ချိန်ပြီး သောက်သုံးရန်ညွှန်ကြားမှ သောက်သုံးရမည့်ဆေးဖြစ်သည်။ မိမိသဘောဖြင့် အတိုင်းအဆမသိဘဲ သောက်သုံးရမည့်ဆေးမျိုးမဟုတ်သည်ကို သတိပြုရန်လိုသည်။

## ဆေးအမှတ်(၇)

**(၁) ဆေးအမည် - နွယ်ချိုကဲချောင်းဆိုးပျောက်ဆေး**

**(၂) မှီငြမ်းသောကျမ်း (သို့မဟုတ်) သမားစဉ်**

သမားစဉ်

**(၃) ဆေးတစ်ဖုံတွင်ပါဝင်သော ဆေးပစ္စည်းများနှင့် အလေးချိန်**

| | | |
|---|---|---|
| -စမုန်ဖြူ | အသီး | ၁ ကျပ် |
| -စမုန်နီ | အစေ့ | ၁ ကျပ် |
| -စမုန်ညို | အသီး | ၁ ကျပ် |
| -စမုန်ဖွဲ | ပင်စည်ရိုးတံ | ၁ ကျပ် |
| -စမုန်စပါး | အသီး | ၁ ကျပ် |
| -နံ့သာဖြူ | ပင်စည်အနှစ် | ၁ ကျပ် |
| -ကွမ်းစားဂမုန်း | မြေအောက်ပင်စည် | ၁ ကျပ် |
| -လက်ချား | တွင်းထွက်ပစ္စည်း | ၁ ကျပ် |
| -ဇဝက်သာ | တွင်းထွက်ပစ္စည်း | ၁၀ ကျပ် |
| -သိန္ဓော | တွင်းထွက်ပစ္စည်း | ၁၀ ကျပ် |
| -နွယ်ချို | ပင်စည် | ၁၀ ကျပ် |

**(၄)လတ်ဆတ်သောဆေးဝါး၏အရောင်**

ဝါဖျော့

**(၅) လတ်ဆတ်သောဆေးဝါး၏အနံ့**

နံ့သာဖြူအနံ့သင်း

**(၆) လတ်ဆတ်သောဆေးဝါး၏အရသာ**

အေး၊ ချို၊ ငန် (အနည်းငယ်စပ်)

**(၇) ဓာတုဝိပါက (ဒေသနာ)**

- -သီတပထဝီအာကာသ
- -အပူငြိမ်းစေ၏။
- -အဇ္ဈတ္တပထဝီဖြစ်၍ အားရှိစေ၏။ ခွန်အားကို တိုးစေ၏။
- -အာကာသအနည်းငယ်ရစေ၏။
- -ဒုတိယဝိတ္တမ္ဘိတနာနှင့် ပရိဿဝနာများတွင် ချောင်းဆိုးနှင့် အစာအိမ်ရောဂါများတွင် အဓိက သုံးစွဲနိုင်သည်။

**(၈)ဆေးဝါး၏အကျိုးသွားနှင့် အသုံးပြုရမည့် ရေလဲပစ္စည်းများ**

- -အပူကြောင့် ချောင်းဆိုးလျှင် ရေအေးဖြင့် လည်းကောင်း၊
- -သလိပ်ကပ်ချောင်းဆိုးလျှင် ရှောက်ရည်၊ သံပရာရည် ဆတူစပ်၍လည်းကောင်း၊
- -ဆီးဝမ်းချုပ်၍ ချောင်းဆိုးရင်ကျပ်လျှင် ကွမ်းရွက်စိမ်းသတ္တုရည်ဖြင့်လည်းကောင်း၊
- -အစာမကြေ လေပူချောင်းဆိုးလျှင် ရေနွေးဖြင့် လည်းကောင်း၊
- -အစာစားပြီးတိုင်း အစာကြေဆေးအဖြစ် လည်းကောင်း တိုက်နိုင်၏။

**(၉) ဆေးတစ်ခွက်စာပမာဏ**

လူကြီး --- ၂ ပဲသား (၂ ဂရမ်)

ကလေး --- ၁ ပဲသား (၁ ဂရမ်)

**(၁၀)သောက်ရမည့်အကြိမ်နှင့်ရက်**

တိုင်းရင်းဆေးပညာရှင်၏ ညွှန်ကြားချက်အတိုင်း သုံးစွဲသင့်ပါသည်။

**(၁၁)ဆေးဝါးမှီဝဲလျှင်ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများ**

မရှိပါ။

**(၁၂)ဆေးဝါးမှီဝဲစဉ် ရှောင်ကြဉ်ရန်**

မရှိပါ။

**(၁၃)ဆေးဝါးကို သတိပြုသုံးစွဲသင့်သော အခြေအနေများ**

သွေးတိုးရောဂါရှိသူများ၊ ကျောက်ကပ်ရောဂါရှိသူများ

**(၁၄)သုတေသနတွေ့ရှိချက်များ**

အဆိပ်အာနိသင်စမ်းသပ်ချက်

**လတ်တလော အဆိပ်အာနိသင်စမ်းသပ်ချက်**

- - ကြွက်ဖြူလေး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၃၂၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- - ကြွက်ဖြူကြီး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၁၆၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- -ယုန်၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၈၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။

**ဆေးဝါးအာနိသင်**

- -Histamine အား ဆန့်ကျင်နိုင်သည့်အာနိသင် (Anti-histamine Activity) မရှိကြောင်းကို ပူး၏အူသိမ်ကို စမ်းသပ်ကြည့်ခြင်းမှ သိရှိရပါသည်။
- -ပူးနှင့်ယုန်တို့၏ လေပြွန်များကို စမ်းသပ်ရာ လေပြွန်များအား အသင့်အတင့်ကျယ်ပြန့်စေသော သတ္တိရှိကြောင်း တွေ့ရပါသည်။

## ဆေးအမှတ် (၈)

**(၁) ဆေးအမည် - သွေးဒူလာဆေး**

**(၂) မှီငြမ်းသောကျမ်း (သို့မဟုတ်) သမားစဉ်**

ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်း

**(၃) ဆေးတစ်ဖုံတွင်ပါဝင်သောဆေးပစ္စည်းများနှင့် အလေးချိန်**

| | | |
|---|---|---|
| -ဇာတိပ္ဖိုလ်သီး | အစေ့ | ၂ ကျပ် |
| -လေးညှင်း | အပွင့် | ၂ ကျပ် |
| -ပန်းနု | အမြစ် | ၂ ကျပ် |
| -ပန်းမ | အခေါက် | ၂ ကျပ် |
| -ကွက္ကရာ | အမြစ် | ၂ ကျပ် |
| -ဇီရာ | အသီး | ၂ ကျပ် |
| -ဆောင်းမေးခါး | အမြစ် | ၂ ကျပ် |
| -နွယ်ချို | ပင်စည် | ၂ ကျပ် |
| -ကံ့ကော်ဝတ်ဆံ | ဝတ်ဆံ | ၂ ကျပ် |
| -သစ်ကြံပိုး | အခေါက် | ၂ ကျပ် |
| -ကရဝေး | အသီး | ၂ ကျပ် |
| -ကရဝေး | အရွက် | ၂ ကျပ် |
| -ဖာလာငယ် | အစေ့ | ၂ ကျပ် |
| -ဖာလာနဖိတ် | အသီး | ၂ ကျပ် |
| -လင်းနေ | မြေအောက်ပင်စည် | ၂ ကျပ် |
| -ပတဲကောကြီး | မြေအောက်ပင်စည် | ၂ ကျပ် |
| -ငရုတ်ကောင်း | အသီး | ၂ ကျပ် |
| -ပိတ်ချင်း | အသီး | ၂ ကျပ် |
| -ချင်း | မြေအောက်ပင်စည် | ၂ ကျပ် |
| -စမုန်ဖြူ | အသီး | ၂ ကျပ် |
| -စမုန်နီ | အစေ့ | ၂ ကျပ် |
| -စမုန်ညို | အသီး | ၂ ကျပ် |
| -စမုန်ဖွဲ | ပင်စည်ရိုးတံ | ၂ ကျပ် |
| -စမုန်စပါး | အသီး | ၂ ကျပ် |
| -လက်ချား | တွင်းထွက်ပစ္စည်း | ၂ ကျပ် |
| -ကြစု | အသီး | ၃ ကျပ် |
| -သိန္ဓော | တွင်းထွက်ပစ္စည်း | ၆ ကျပ် |
| -ဇဝက်သာ | တွင်းထွက်ပစ္စည်း | ၈ ကျပ် |
| -စမုန်နက် | အစေ့ | ၈ ကျပ် |
| -ဆေးပိုးတီ | အမြစ် | ၁၂ ကျပ် |

မှတ်ချက်။ ဆေးအမှတ် (၈) သွေးဒူလာဆေးကို သုံးပုံခွဲဆေးဟုလည်းခေါ်ပါသည်။ ဒေါသသုံးပါးအနက် တစ်ပါးချင်းစီကိုနိုင်စေရန်အတွက် ညှိနှိုင်းဖော်စပ်နိုင်သောဆေးအမှတ်ဖြစ်၍ ခေါ်ဆိုရခြင်းဖြစ်ပါသည်။ လေဒေါသကို နိုင်လိုသောအခါတွင် စမုန်နက်ကိုကဲ၍ ဖော်စပ်ရပါသည်။ သည်းခြေဒေါသကိုနိုင်လိုပါက ဇဝက်သာကိုကဲ၍ဖော်စပ်ရပြီး သလိပ်ဒေါသကိုနိုင်လိုပါက ဆေးပိုးတီအားကဲ၍ ဖော်စပ်ရမည်ဖြစ်ပါသည်။

**(၄) လတ်ဆတ်သောဆေးဝါး၏အရောင်**

အညိုရောင်

**(၅) လတ်ဆတ်သောဆေးဝါး၏အနံ့**

စမုန်နက်နံ့သင်း

**(၆) လတ်ဆတ်သောဆေးဝါး၏အရသာ**

အေး၊ ငန်၊ ဖန်၊ ခါး

**(၇) ဓာတုဝိပါက (ဒေသနာ)**

- - သီတဝါယောအာကာသ
- - အပူငြိမ်းစေ၏။
- - အဇ္ဈတ္တပထဝီပျက်စေ၏။
- - အာကာသအနည်းငယ်ရစေ၏။
- - ကက္ခဋနနှင့် ပထမဝိတ္ထမ္ဘိတနာတို့တွင် ပန်းနာ၊ သွေးဝမ်းသွားခြင်း၊ အစာအိမ်ရောဂါတို့တွင် အဓိကသုံးစွဲနိုင်သည်။

**(၈) ဆေးဝါး၏အကျိုးသွားနှင့် အသုံးပြုရမည့် ရေလဲပစ္စည်းများ**

- -ဝမ်းချုပ်၍ သွေးဝမ်းကိုက်သော် ရေနွေးဖြင့် လည်းကောင်း၊
- -လေထိုးလေအောင့်သော် ရေနွေးကျက်ကျက်ဖြင့် လည်းကောင်း၊
- -ရင်ပြည့်၊ ရင်ကယ်သော် ရှောက်ရည်ဖြင့် လည်းကောင်း၊
- -မီးယပ်ပိန်ခြောက်ရောဂါကို ဆေးရင်းငါးကျပ်သား၊ မန်ကျည်းမှည့်နှစ် ၁၀ ကျပ်သား၊ ထန်းလျက် ၁၀ ကျပ်သားတို့ကိုရောစပ်၍ ညစဉ်ရေအေးဖြင့် လည်းကောင်း၊
- -ကြက်ညှာချောင်းဆိုးသော် ဆားပြုတ်ရည်ဖြင့် လည်းကောင်း၊
- -မီးယပ်ပန်းနာ၊ ဒူလာပန်းနာတို့ကို ကွမ်းရွက်စိမ်းရည်ဖြင့်လည်းကောင်း၊
- -ခါးနာ၊ ခါးတောင့်၊ ခါးကိုက်လျှင် မန်ကျည်းမှည့်ရည်ဖြင့်လည်းကောင်း၊
- -ဒူလာ၊ လိပ်ခေါင်း၊ အကြောတက်လျှင် ရေနွေးဖြင့်လည်းကောင်းတိုက်နိုင်၏။

**(၉) ဆေးတစ်ခွက်စာပမာဏ**

လူကြီး --- ၂ ပဲသား (၂ ဂရမ်)

ကလေး --- ၁ ပဲသား (၁ ဂရမ်)

**(၁၀)သောက်ရမည့်အကြိမ်နှင့်ရက်**

တိုင်းရင်းဆေးပညာရှင်၏ ညွှန်ကြားချက်အတိုင်း သုံးစွဲသင့်ပါသည်။

**(၁၁)ဆေးဝါးမှီဝဲလျှင်ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများ**

ဝမ်းသွားခြင်း၊ အစာနှင့် နီးကပ်စွာသောက်လျှင် ရင်ခံသကဲ့သို့ ခံစားရခြင်း။

**(၁၂)ဆေးဝါးမှီဝဲစဉ် ရှောင်ကြဉ်ရန်**

လေချုပ်စေ၍ သွေးသက်စေသောအစာများနှင့် ငရုတ်သီးစသော အပူအစပ်စာများ။

**(၁၃)ဆေးဝါးကို မမှီဝဲသင့်သော အခြေအနေများ**

ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းမီးနဲ့သူများ မမှီဝဲသင့်ပါ။

**(၁၄)သုတေသနတွေ့ရှိချက်များ**

အဆိပ်အာနိသင်စမ်းသပ်ချက်

**လတ်တလော အဆိပ်အာနိသင်စမ်းသပ်ချက်**

- -ကြွက်ဖြူလေး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၃၂၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- -ကြွက်ဖြူကြီး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၁၆၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- -ယုန်၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် ၈၀၀ မီလီဂရမ်နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။

**ဆေးဝါးအာနိသင်**

- -ပူးနှင့်ယုန်တို့၏လေပြွန်များကို စမ်းသပ်ကြည့်ရာ လေပြွန်ကျယ်ပြန့်ရန်ချဲ့သော အာနိသင် မရှိကြောင်း တွေ့ရှိရပါသည်။
- -အစာအိမ်နာဖြစ်စေရန် ဖန်တီးထားသော ကြွက်ဖြူကြီးများပေါ်တွင်စမ်းသပ်ရာ အစာအိမ်နာသက်သာစေသော အာနိသင် (Anti-peptic ulcer Activity) ရှိကြောင်း တွေ့ရသည်။
- -ကြွက်ဖြူကြီးများတွင် နောက်ခြေဖဝါးများအား Carrageenan ထိုးပေးပြီး ရောင်းရမ်းစေကာ ဤဆေးဖြင့်စမ်းသပ်ရာ ရောင်ရမ်းခြင်းကို သက်သာမှုအာနိသင် (Anti-inflammatory Activity) မရစေနိုင်ကြောင်း တွေ့ရှိရသည်။

## အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့်အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့်စာလုံးရေ ပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၀၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး (ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

---

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄° C / | ၃၁.၀° C |
| ရန်ကုန် | ၂၃° C / | ၃၁.၅° C |
| မန္တလေး | ၂၇° C / | ၃၇.၈° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

---

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

၆-၈-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဩဂုတ် ၆

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးတာများနှင့်ရေတံခါးများစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဇူလိုင်လ ၁၉ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်တောင်းမြစ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ဒိုက်ဦး-ညောင်ခါးရှည်-ဗျူဟာလမ်းဘေးဝဲယာနှင့် ကောလိယ-နဂါးပေါက် ဆက်သွယ်မြောင်း၊ ခမုံမြစ်ကျိုးဖြတ်မြောင်း၊ ကျိုက်ထော်-ပလိုင်းဖြတ်မြောင်းတို့မှ ရေထုတ်နုတ်နိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝေါမြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းတွင် တည်ဆောက်ထားသော အကျယ်ပေ ၃၀၊ အမြင့် ၂၂ ပေရှိ မြစ်ကျိုးရေတံခါးကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပဲခူး-စစ်တောင်းတူးမြောင်းတာကျိုးပေါက်မှုမရှိစေရေးနှင့် ရေလွှမ်းရေမြုပ်မှုများလျော့ကျသွားပါက သီးနှံများအမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး၊ အရန်မျိုးစပါးစုဆောင်းထားရှိရေး၊ ပျိုးထောင်စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်စိုက်ပျိုးရန်မြေနေရာများကြိုတင်တွက်ချက်ခြင်းကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပဲခူး၊ သနပ်ပင်နှင့် ကဝမြို့နယ်တို့ကို ပြွန်တန်ဆာ-ဒိုက်ဦးလွင်ပြင်မှ စီးဆင်းလာသည့်ချောင်းနှင့် ကွင်းရေများ၏ ရေဘေးအန္တရာယ်နှင့် စစ်တောင်းမြစ်ရေမြင့်တက်လာမှုကို ကာကွယ်ထားသည့် ပုကိုင်တာကို ကာကွယ်ထိန်းသိမ်းထားရှိမှု၊ ရေကင်းများတာဝန်ချထားမှု၊ အရေးပေါ်ပစ္စည်းများကြိုတင်စုဆောင်းမှု၊ စက်ယန္တရားများ အလွယ်တကူရွှေ့ပြောင်းနိုင်ရေးစီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာတမံတောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်ရန်လိုအပ်မည့်လုပ်ငန်းများနှင့် မိုးရာသီကာလပြီးဆုံးပါက ပဲခူးရိုးမအရှေ့ဘက်ခြမ်းရှိ ဘိုင်းဒါးနှင့် ကောလိယတမံများမှ ပိုလျှံရေများကို ပုကိုင်တာရေသွင်းတံခါးမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ စိုက်ပျိုးရေပေးသွင်းရန်ကိစ္စရပ်များကိုဆွေးနွေးမှာကြားသည်။

ပုကိုင်တာသည် အလျား ၁၇/၄ မိုင်ရှည်လျားပြီး တာထိပ်အမြင့်ပျမ်းမျှ ၁၂ ပေနှင့် ထိပ်မျက်နှာပြင်အကျယ် ပျမ်းမျှ ၁၀ ပေရှိကာ စစ်တောင်းမြစ်ရေနှင့်ပြွန်တန်ဆာလွင်ပြင်မှ စီးဝင်မြင့်တက်လာသည့်ရေများကို ကာကွယ်ဧရိယာအတွင်း ဝင်ရောက်ခြင်းမရှိစေရန် ကာရံတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(ဥဝဝ)**

---

နေပြည်တော် ဩဂုတ် ၆

# ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရန်ကျန်ရှိသည့် အသက်တစ်နှစ်မှငါးနှစ်အရွယ်ကလေးများကို အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းအပေါ် ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များပြန်လည်တင်ပြခြင်း အစည်းအဝေးကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် UNICEF၊ WHO အဖွဲ့တို့မှ တာဝန်ရှိသူများပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံရန်ကျန်ရှိသည့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများကို အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအပေါ် ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များ ပြန်လည်တင်ပြခြင်းအစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)နေပြည်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိခဲ့သော ကလေးငယ်များအတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးရက်သတ္တပတ်၏ theme မှာ "The Big Catch-up" ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အသက်တစ်နှစ်မှ ငါးနှစ်အတွင်း ကာကွယ်ဆေးလုံးဝမရရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသူ ကလေးငယ်များအတွက် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအစက်ချဆေး၊ ပိုလီယိုကာကွယ်ဆေးထိုးဆေးနှင့် ဝက်သက်ဂျိုက်သိုးကာကွယ်ဆေးများအား အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ၊ GAVI၊ UNICEF၊ WHO၊ အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာနည်းပညာအကြံပေးအဖွဲ့(National Immunization Technical Advisory Group, NITAG) တို့ ပူးပေါင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၄ ခုနှစ် ဧပြီလတွင် ပထမအကြိမ်၊ ဇွန်လတွင် ဒုတိယအကြိမ်နှင့် ယခု ဩဂုတ်လတွင် တတိယအကြိမ် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပြီး အသက်တစ်နှစ်မှငါးနှစ်အတွင်း ကလေးငယ် ၁၈၅၃၀၆ ဦးအနက် ၁၂၇၃၁၄ ဦးကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အမီလိုက်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှညွှန်ကြားရေးမှူး ဒေါက်တာတင်သစ္စာလွင်က နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အရှေ့တောင်အာရှရုံးခွဲ (SEARO) မှ Technical Officer (Vaccine Preventable Disease)Dr. Sigrun Roesel နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ Immunization Manager Dr. Ruhul Amin တို့မှ ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(ဥဝဝ)**

---

နေပြည်တော် ဩဂုတ် ၆

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲသို့တက်ရောက်



မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီတွင် ပေါင်းလောင်းအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့သည်။

ယနေ့ အမျိုးသားဘောလုံးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ဩဂုတ်လ ၈ ရက် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

နေပြည်တော်၊ လူမှုရေး

## ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင် ဝဲကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သရက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

နော်လူး

မိတ္ထီလာ၊ လူမှုရေး

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား ပန်းရန်သင်တန်းဖွင့်လှစ်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၅ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက လက်သမား၊ ပန်းရန်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကို ဩဂုတ်လ ၅ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းနည်းပြဆရာများက သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အဆောက်အအုံတစ်လုံးကို စာတွေ့၊ လက်တွေ့သင်ကြားပြသပြီး တည်ဆောက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(၄၁၃)


### ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၇-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ


## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့် တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြန်မာတိုင်းရဲ့ သမိုင်းပေးတာဝန်



➤ ကမ္ဘာ တည်သရွေ့
မြန်မာပြည် ရှိရမည်။
➤ ဒို့တိုင်းပြေ(ပြည်)
အညွန့်ဝေ
အစွန့်ရှည်စေဖို့။
➤ အဖျက်ရန်
တစ်စက်မကျန်
အမြစ်လှန်လို့ ချေမှုန်းစို့။
➤ မြန်မာ့သမိုင်း
မြန်မာတိုင်းက
မရိုင်းစေရန်
ဇာတိမာန်ဖြင့်
မြန်မာ့မော်ကွန်း ရေးထိုးလော့။ ။

မျိုးမြတ်မြတ်မြင့်မောင်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဩဂုတ် ၆

# UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံပေးအပ်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director) နှင့် ကိုယ်စားလှယ်(Representative) အသစ် Ms.Sara Austin Netzer က ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံ၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် ဩဂုတ် ၆

# ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့်ပျူစာပေ)သို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်



ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြုဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသောသမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံရေးသားနိုင်ရန်အတွက် **ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ)**ကို ယနေ့မှ ဩဂုတ်လ ၇ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်)ဘက်စုံခန်းမ၌ကျင်းပလျက်ရှိသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာ့သမိုင်းစဉ်အတွက် အရေးကြီးသောဆွေးနွေးပွဲဖြစ်သည့်အားလျော်စွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနဌာန၊ မနုဿဗေဒဌာနမှပါမောက္ခများနှင့် ပြင်ပပညာရှင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ရှေးဦးမြို့ပြတည်ထောင်ခဲ့ကြသော ပျူမြို့ဟောင်းများကို နေရာအနှံ့အပြားတွင်တွေ့နိုင်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူရှေးမြို့ဟောင်းများသာမက အခြားသောပျူရှေးမြို့ဟောင်းများဖြစ်သည့် ပင်လယ်(မိုင်းမော)မြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ ပေါ်ရိသတ်မြို့ဟောင်း သို့မဟုတ် ကောသမ္ဘီမြို့ဟောင်း၊ ဝတီးမြို့ဟောင်း စသည်ဖြင့် တူးဖော်သုတေသနပြုဖော်ထုတ်နိုင်ခဲ့ကြသည်ကိုတွေ့နိုင်ကြောင်း၊ ပျူအက္ခရာနှင့် ပျူစာပေအထောက်အထားများကို သုတေသနပြုတွေ့ရှိခဲ့သော အထောက်အထားအချက်အလက်ခိုင်ခိုင်မာမာဖြင့် ဖြည့်စွက်၍ ထည့်သွင်းရေးသားဖော်ပြထားသည့် စာတမ်းမူကြမ်းကို ယခုတက်ရောက်လာသောပညာရှင်များက အကြံပြုဆွေးနွေးပေးကြရန်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သောနှစ် (၅၀) ကျော်ကရေးသားထားသည့် **"အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း"** သာရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်းကာလတွင် ပြည်တွင်းပြည်ပ ပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာသုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပမော်ကွန်းတိုက်ခွဲခန်းများမှ သိပ္ပံနည်းကျသက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည်လည်း ပိုမို၍ရုပ်လုံးပေါ်ပြည့်စုံလာပြီဖြစ်ကြောင်း၊ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျူအက္ခရာနှင့် ပျူစာပေဆိုင်ရာ သုတေသနပြုတွေ့ရှိချက်များနှင့် ပတ်သက်၍ ပျူအက္ခရာများနှင့် ပျူစာပေပညာရှင် ဦးမစ်ကီဟတ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိန်ဝင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဆွေနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များက ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့မှ ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဆက်စပ်လျက်ရှိသည့် လူဆင့်ကဲဖြစ်စဉ်ကာလသမိုင်းစဉ်၊ ကျောက်ခေတ်ကာလသမိုင်းစဉ်၊ ကြေးခေတ်၊ သံခေတ်ကာလသမိုင်းစဉ်၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလသမိုင်းစဉ်တို့နှင့် ပတ်သက်၍ မူကြမ်းပြုစုရေးသားပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(၅၀၀)**

နေပြည်တော် ဩဂုတ် ၆

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လာမည့်အောက်တိုဘာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ဒေသအချို့တွင် ရက်တိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ အရေးကြီးမှုနှင့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပေါ် လိုအပ်သည်များရှိပါက ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုနှင့် မြန်မာနိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများအား ရှာဖွေကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်/ထွက်သွားလာနိုင်ရေးနှင့် တရားမဝင် ဝင်/ထွက်မှုမရှိစေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေ၊ နှစ်နိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် Online ဂိမ်းများဖြင့် လိမ်လည်မှုများဆောင်ရွက်နေသူများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရေးအတွက် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

(ဩဂုတ်လ ကျောင်းကျန်းမာရေးသီတင်းပတ် ဂုဏ်ပြုဆောင်းပါး)

# ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ပါစေ



ယခုအခါ အခြေခံပညာကျောင်းများဖွင့်လှစ်၍ ပညာသင်နှစ်ပြန်လည်စတင်ခဲ့သည်မှာ သုံးလတာ ကာလထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ဤတွင် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးကောင်းမွန်စွာ ပညာသင်ယူနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ "အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု သိမှတ်ထားကြသည်။ ကျန်းမာမှသာ လူမှုကိစ္စ အဝဝကို ကောင်းမွန်စွာဆောင်ရွက်နိုင်သောကြောင့်ပင် ဖြစ်သည်။ ကျန်းမာသောလူ့အဖွဲ့အစည်းဖြစ်လာရေးသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအပေါ် မူတည်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများသည် ကျောင်းသားအရွယ်မှစတင်၍ ဆောင်ရွက်နိုင်မှသာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းမှုရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှု လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းတိုင်း ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရန် ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ၊ ရောဂါကာကွယ်တားဆီးရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေးဗဟုသုတများကို ဖြန့်ဖြူးပေးရမည်ဖြစ်သည်။ ကျောင်းကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များတွင် -

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းများ
(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ
(၃) ရောဂါကာကွယ်ရေးလုပ်ငန်းများ
(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးရေးလုပ်ငန်း
(၅) ကျောင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း
(၆) ကာယနှင့် အားကစားလုပ်ငန်းများလုပ်ဆောင်ပေးရန်တို့ ပါဝင်သည်။

ကျောင်းသားလူငယ်များ ပညာကောင်းစွာသင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအားကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူ မဝင်ရောက်မကူးစက်နိုင်။ ကိုယ်ခံအားကောင်းရန် ဆောင်ရမည့် ရှောင်ရမည့် လုပ်ငန်းများကို ကလေးများသိရှိနားလည်လိုက်နာနိုင်ရန် လိုအပ်သည်။ ကျန်းမာရေးအသိပညာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းအားလုံး လိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရပေမည်။ ကျန်းမာရေးပူးပေါင်းအဖွဲ့များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရမည်။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ပုံးများ စနစ်တကျထားရှိရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်လိုအပ်သည်။ ယင်လုံအိမ်သာများ စနစ်တကျ သုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေးကို နေ့စဉ်ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ အိမ်သာတက်ပြီးလျှင် ဆပ်ပြာနှင့်စနစ်တကျလက်ဆေးတတ်ရန် ညွှန်ကြားပြသပေးရမည်ဖြစ်သည်။

ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ရန် အမြဲမြှင့်တင်ဆောင်ရွက်ကြရပေမည်။ ဥပမာ -စာသင်ခန်းအတွင်းတွင် ယခင်က ကျောက်သင်ပုန်းနှင့်မြေဖြူကိုသာ အသုံးပြုခဲ့သော်လည်း ယခုအခါ White Board နှင့် Marker Pen တို့ကို ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးစားခြင်းမျိုး ဖြစ်သည်။ အတန်းအတွင်း/အပြင် နေ့စဉ်သန့်ရှင်းရုံသာမက ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်သောက်သုံးရေသန့်ရှင်းရေးသည် အထူးလိုအပ်သည်။ သောက်သုံးရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးကို မဖြစ်မနေစီမံဆောင်ရွက်ကြရပေမည်။ ကျန်းမာရေးနှင့်ညီညွတ်သော ရေရရှိရန်၊ ရေအရင်းအမြစ်များ၏အရည်အသွေးကို စစ်ဆေးမှုပုံမှန်လုပ်ပေးရန်နှင့် ဆီလျော်သော သန့်စင်မှုပြုလုပ်ပေးနိုင်ရန် လိုအပ်သည်။ ကျောင်းများတွင် ရေသန့်စက်များ တပ်ဆင်ပေးခြင်းနှင့် အလျဉ်မီအောင် ရေသန့်ထုတ်လုပ်ပေးနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်ကြရမည်။ သောက်သုံးရေအမြဲသန့်စင်နေရန် နေ့စဉ်အလှည့်ကျလဲလှယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။



ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကလည်း အရေးကြီးပေသည်။ ရောဂါကာကွယ်ရေးတွင် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရမည်။ ခြင်ပေါက်ပွားမှုအများဆုံးဖြစ်သော မိုးရာသီတွင် ကျောင်းဝန်းကျင် ရေစီးရေလာကောင်းအောင် ရေမြောင်းများတူးဖော်ခြင်း၊ ဆယ်ခြင်းတို့ပြုလုပ်ရမည်။ ခြင်ပေါက်ပွားနိုင်မည့် ရှုံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ်နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့်စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်းတို့ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးနှင့် ငှက်ဖျားရောဂါများကင်းဝေးမည်ဖြစ်သည်။

နောက်တစ်ချက်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်မောင်မယ်များ အာဟာရပြည့်ဝစေရန် ထမင်း(ကစီဓာတ်) အပြင် ကြက်ဥ၊ နွားနို့၊ အဆီ၊ အသား၊ ပဲမျိုးစုံ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ စုံလင်မျှတစွာစားသုံးရန် အသိပညာပေးရမည်။ ပြည်ပနိုင်ငံများတွင် မူလတန်းအရွယ်ကလေးများကို နေ့စဉ် နို့တစ်ခွက်တိုက်ကျွေးသည့် အစီအစဉ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်လာစေရန် ကျောင်းသားအရွယ်မှစ၍ အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းကျန်းမာရေးသုတေသန (Global School Health Survey) ကို ဆောင်ရွက်ခဲ့သည်။ ထိုသုတေသနကိုဆောင်ရွက်ခြင်းမှာ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များအစားအသောက်ဆိုင်ရာအလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုနှင့် ပတ်သက်သော အသိပညာများ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ စသည့်အကြောင်းခြင်းရာများကို သိရှိရန်ဖြစ်သည်။ ကျောင်းကျန်းမာရေး လုပ်ငန်း၏ ရည်ရွယ်ချက်များမှာ-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်
(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများသိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များ ဖြစ်လာစေရန်
(ဂ) ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်
(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသောကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်
(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်
(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်တို့ဖြစ်ရာ ရည်ရွယ်ချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသောကျောင်းကျန်းမာရေးစီမံချက်မဟာဗျူဟာစီမံကိန်းများ အဆင့်ဆင့်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များတွေ့ကြုံခံစားနေရသည့် အဓိကကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ကျောင်းကျန်းမာရေးမြှင့်တင်ရန်အတွက် အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ကျောင်းမှပြည်သူလူထုအတွင်းသို့ မူမှန်၊ ဘဝမှန်များ ရောက်ရှိရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းများအား ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ အင်အားကိုအသုံးပြု၍ဆောင်ရွက်ခြင်းဖြင့် ကျောင်းကျန်းမာရေးအတွက် အဆင့်မြင့်ကျောင်းများ တည်ထောင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၆**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့က သဘောထားများအသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA
ကရင်ပြည်နယ်
မဲသောင်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဘားအံမြို့၊ ဖုန်း - 09 261179064, 09 5661012

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့်ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများစစ်ရေးအတွက်အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)**

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း
**Myanmar Forest Products and Timber Merchants Association**
No. 29 Min Ye Kyaw Swar Street, (UMFCCI Tower) Lammadaw Township, Yangon, Myanmar, Tel (+95)-1-2314838, 2314839
E-mail: mfpmf.5june2015@gmail.com, info@mfpmf.org, www.mfpmf.org

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရပါသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်းရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာဒုက္ခရောက်နေရကြောင်းသိရသဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့်များစွာခံစားရပါသည်။

ထိုသို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ခြင်းကြောင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း**

MPMDMA
Myanmar Pharmaceutical and Medical Device Manufacturer Association

## မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် ဆေးရုံရှိတာဝန်ရှိသူများ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရှိရပါသည်။ ပြည်သူလူထုအနေဖြင့် ဘေးကင်းသောကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်းစသည်တို့အား မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကိုတိုက်ခိုက်ခြင်းနှင့် လူနာများနှင့်ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုဖြစ်စေခြင်းတို့အား မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

နေပြည်တော် ဩဂုတ် ၆

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်



ရန်ကုန်မြို့၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဆေးရုံမှ ဆရာဝန်၊ သူနာပြု၊ ဆေးကုသမှုခံယူနေရသည့် အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများအား အစုလိုက် အပြုံလိုက် ရက်စက်စွာသတ်ဖြတ်၍ အချို့လူနာများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောရက်စက်ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြို့တော်ခန်းမရှေ့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင်ကားရပ်နားကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

ဦးစွာ ရှုတ်ချပွဲတက်ရောက်လာသည့် ရဟန်းပြည်သူ ပရိသတ်အပေါင်းတို့က "ပြည်ဖျက်မိစ္ဆာ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်ချေမှုန်းပေးပါ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံပြည်သူ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေသော MNDAA၊ TNLA၊ AA၊ PDF အကြမ်းဖက်အဖွဲ့များအား ပြတ်သားစွာနှိမ်နင်းဆောင်ရွက်ပေးပါ၊ အပြစ်မဲ့အရပ်သားပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေသော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်၊ A righteous War Must be Won Eradicate all Subversives " စသည့် ဗီနိုင်းများကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီးတွင်နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကို မလိုလားသူများကိုယ်စား တာဝန်ရှိသူများက အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောလုပ်ရပ်များအား ကန့်ကွက်ရှုတ်ချမှုနှင့်ပတ်သက်၍ အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အကြမ်းဖက် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းအဖွဲ့အစည်းများအလိုမရှိ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းချက်ချင်းရပ်၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအားပစ်ခတ်ခြင်းချက်ချင်းရပ်၊ MNDAA ၏လူမဆန်သောရက်စက်ယုတ်မာမှုများချက်ချင်းရပ်၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်နေသည့်အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ လူ့အခွင့်အရေးများအား ချိုးဖောက်နေသော အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ မြန်မာ့တပ်မတော်၏ တရားသောစစ်အောင်ရမည် စသည့်ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်းသံပြိုင်သီဆိုခြင်းများဆောင်ရွက်ခဲ့ကြပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နေပြည်တော်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

---

နေပြည်တော် ဩဂုတ် ၆

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို လက်ခံတွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များ ခွင့်ပြုလျက်ရှိသည့်အခြေအနေနှင့် စိစစ်ဆောင်ရွက်နေသည့်အခြေအနေ၊ မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ်ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့်ပြန်လည်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် မကြာခဏထည့်သွင်း ပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသည် အဓိကကျကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့် ဆီထွက်သီးနှံများကို တိုးတက်အောင်စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းများသည် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ မြေပဲနှင့်နှမ်းများကို ဆီအဖြစ်စားသုံးခြင်း၊ ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ခြင်းနှင့် မိရိုးဖလာအစားအစာအဖြစ် အသုံးပြုခြင်းများရှိကြောင်း၊ အထွက်နှုန်းများမှာလည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိခြင်းမရှိသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များမှာ ပိုမိုများပြားလျက်ရှိနေကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်း ဆီကြိတ်စက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်းလိုအပ်ကြောင်း။

အလားတူ နေကြာသည်လည်း ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့်ဆီထွက်သီးနှံတစ်ခုဖြစ်သဖြင့် ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့် (၄)ချက်နှင့် စနစ်တကျဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုများ တိုးတက်စေရေးစိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာကိုအမှန်တကယ်တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာမျိုးများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများနည်းပါးလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း၊ **စိုက်ပျိုးရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ပျားရည်ထုတ်လုပ်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်နှစ်က ဝါစိုက်ပျိုးဧက ၅ သိန်းခန့်ရှိခဲ့သော်လည်း အထွက်နှုန်းနည်းပါးခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုမှထွက်ရှိသည့် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့် ဝါစေ့များထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဝါဂွမ်းကိုလည်း ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာအထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှင်းလင်းဆွေးနွေးတင်ပြစဉ်။

ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်နေသူများ၏ ဘဝများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ဝါစိုက်ပျိုးမှုတိုးတက်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ **စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများလိုအပ်**ကြောင်း၊ **ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေးခဲ့**ကြောင်း၊ **လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်မှ ရန်ပုံငွေများထပ်မံထုတ်ပေးသွားမည်ဖြစ်**ကြောင်း၊ **ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေစပါးတိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီးစပါးစိုက်ပျိုးခြင်း၊ စပါးပြီးအခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း (၄) သွယ်ဖြင့် စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊

❖ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာအထောက်အကူပြု၊ ဝါဂွမ်းမှ ချည်နှင့် ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်. . .

❖ စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်းထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်ဆောင်ရွက်သွားရန်လို၊ နွေစပါးတိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီး စပါး စိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်၊ သီးထပ်စွမ်းအား များတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်. . .

❖ စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့်စုပေါင်းပြီးဆောင်ရွက်သည့်စနစ်များလိုအပ်၊ သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီကာဆောင်ရွက်ခြင်းဖြစ်၊ အတူတကွစုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ သမဝါယမစနစ်ဖြင့်စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှထွက်ရှိလာသည့်ဆီများကိုဒေသတွင်း အပြင် အခြားပြင်ပ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လို. . .

❖ သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုင်းပြည်အတွက်အရေးကြီးသည့်အချက်များပင်ဖြစ်၊ နေကြာသီးနှံ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အမျိုးသားရေးရည်မှန်းချက်တစ်ခုအဖြစ်သတ်မှတ်၍ဆောင် ရွက်သွားရန်လို၊ နို့ထွက်ပစ္စည်းလိုအပ်ချက်နှင့်ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့်နို့များကို အဆင့်မြင့်နို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှနို့ထွက်ပစ္စည်းများ တင်သွင်းနေရမှုကိုများစွာလျှော့ချနိုင်မည်ဖြစ်. . .

ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိစေရေး တက်ရောက်လာကြသူများ အားလုံးက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**မွေးမြူရေးနှင့်ပတ်သက်၍ စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လို**ကြောင်း၊ **ဒေသန္တရရှိနေသည့် နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို မွေးမြူရာတွင်လည်း နည်းစနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းနိုင်သည်ကိုတွေ့ရ**ကြောင်း၊ အလားတူ **အထွက်ကောင်းမျိုးများကိုလည်း မွေးမြူသွားရန်လို**ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် တိရစ္ဆာန်အစာများသည်လည်း ဒေသတွင်း၌ ရရှိနိုင်သည်များရှိကြောင်း၊ စနစ်တကျဖြင့် လှောင်၍မွေးမြူသည့် မွေးမြူရေးလုပ်ငန်းများမှရရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးပြောကြားစေလိုကြောင်း ဖြင့်ပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းဆွေးနွေးတင်ပြ

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမီ ဝါဂွမ်းများရရှိရေး ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ နို့စားနွားမွေးမြူမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေများ၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။

ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝါသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝါစိုက်ပျိုးရန်လျာထားမှုအပေါ် သမဝါယမအသင်းများ ဖွဲ့စည်းပြီးစီးမှုအခြေအနေများ၊ သွင်းအားစုများအတွက် လိုအပ်သည့် ငွေကြေးများ ထောက်ပံ့ပေးထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမှုတိုးချဲ့ရေးတွင် လိုအပ်သည့် မျိုးနှင့်သွင်းအားစုများရရှိရေး လိုအပ်သည့် ထောက်ပံ့မှုများရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် သမဝါယမစနစ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး သမဝါယမစနစ်နှင့် မြစိမ်းရောင်စနစ်တို့ဖြင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ဝါကြိတ်၊ ချည်မျှင်၊ စက်ရက်ကန်း၊ အထည်အလိပ်၊ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျံ့နှံ့မှုအခြေအနေများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီစက်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေများ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းဆီစက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခဲ့မှုနှင့် ဖော်ထုတ်ရရှိခဲ့သည့် ရလဒ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ပေးထားလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများကို ခေါင်းစဉ်အလိုက်ထုတ်ပေးထားလျက်ရှိမှုတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

## တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြ

ယင်းနောက်တက်ရောက်လာကြသူများက ဝါနှင့်ပတ်သက်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံများနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နို့စားနွားမွေးမြူမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့်စုပေါင်းပြီး ဆောင်ရွက်သည့် စနစ်များလိုအပ်ကြောင်း၊ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတူတကွစုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဖြင့် စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှ ထွက်ရှိလာသည့်ဆီများကို ဒေသတွင်းအပြင် အခြားပြင်ပ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး သမဝါယမအသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆီစက်များနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီစက်နှင့်ကုန်ကြမ်း အချိုးညီမျှရန်လိုကြောင်း၊ လိုအပ်ပါက အရည်အသွေးမြင့်သည့် စက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသာမက ပုဂ္ဂလိကစက်ရုံများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသန္တရမွေးမြူရေးကို စနစ်တကျဖြင့် မွေးမြူနိုင်အောင် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထွက်ရှိလာသည့်ကုန်ကြမ်းများ အရည်အသွေးကောင်းမွန်စေရေးအတွက်လည်း စုပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ငွေကုန်ကြေးကျအနည်းဆုံးနှင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့်ပြောကြားသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုင်းပြည်အတွက်အရေးကြီးသည့် အချက်များပင်ဖြစ်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အမျိုးသားရေးရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်၍ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းလိုအပ်ချက်နှင့်ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့်နို့များကို အဆင့်မြင့်နို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ နို့ထွက်ပစ္စည်းများတင်သွင်းနေရမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများရရှိအောင်ဆောင်ရွက်ရာတွင်လည်း ဒေသန္တရရှိပြီးဖြစ်သည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၌စားရေရိက္ခာများ ပေါများလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွက်အဓိကလိုအပ်သည့် စားသုံးဆီနှင့်ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးဆောင်ရွက်ခဲ့သည်များမှ အရေးကြီးသည့် အချက်အလက်များကို အောက်ခြေအဆင့်အထိရောက်သည်အထိ အဆင့်ဆင့် အသိပေးဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း၊ စနစ်တကျစိုက်ပျိုးခြင်း၊ မွေးမြူခြင်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယနေ့တွင် ဆွေးနွေးခဲ့သည့် ကဏ္ဍအလိုက်ဖော်ထုတ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW August 6

# Meeting on increasing cotton yield, extending crop cultivation and developing livestock held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participates in the discussions



Senior General Min Aung Hlaing makes a discussion at the meeting on increasing cotton yield, extending crop cultivation and developing livestock.

A meeting on increasing cotton yield, extending crop cultivation and developing livestock was held at State Administration Council Chairman's Office here this afternoon. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participated in the discussions.

Also present were Union Minister for Planning and Finance U Win Shein, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Cooperatives and Rural Development U Hla Moe, Union Minister for Industry Dr Charlie Than, deputy ministers, directors general and officials.

In his discussions, the Senior General said he has often discussed the topic on development of the agricultural sector at the relevant meetings and seminars. Farming is the country's main business activity. Hence, development of the agro-based good production business has become a must and the development of the main crops, rice, beans, cotton and oil crops, is the primacy in this task.

Although oil crops such as groundnut, sesame, panhnan, sunflower and palm oil, are thriving well in Myanmar, the country has to import cooking oil annually. Normally, groundnut and sesame are consumed as cooking oil, exported and used as an ingredient for making traditional foods. But the production cost is high as the crops have not meeting the targeted yield yet. Another requirement is the quality of milling machines.

As sunflower is also a cost-effective oil crop, it should be cultivated systematically in accord with the four main necessities, seeds, soil, water and technology, to meet the set target and famers must be provided with incentives. Actual progress in sunflower cultivation will benefit the country much. So, its sown acreage must be increased annually and it should also be cultivated as a mixed crop. Sunflower seeds must be available. Increase in oil crop production will ensure local cooking oil sufficiency. For certain reasons, the country's palm oil yield is still low. Unprocessed palm oil is used as an industrial raw material. But means to turn raw palm oil into edible oil should be sought. Systematic beekeeping that supports agriculture in a way must be carried out to produce honey.

Although the country put about 500,000 acres of land under cotton last year, the output rate was low. Cotton can be turned into cotton fiber, short staple cotton and cotton seeds from which cotton oil and animal feed are derived. Cotton fibers that are converted into long staple cotton can be used as raw material for manufacturing high quality cotton yarn. Myanmar is included in the main cotton growers, and cotton cultivation is much supportive of the country's textile and garment industry. The country will earn more if it produces cotton yarn and cotton fabric, and the increase in cotton yarn production is the responsibility of the industrial sector. The country will see surge in income by turning local cotton into quality items.

**The country should enter the new age through the establishment of a cotton-based industry.** In this way, it will open more job opportunities, increase per capita income, and eventually improving the economy of cotton farmers and cotton-related businesses. Hence, the country must strive to reclaim the former cotton cultivation target of about 700,000 acres. Hence, collective discussions and suggestion from the participants is invited.

Production of oil from cotton seeds and oil crops, as well as the need for quality oil extraction machines to produce high-quality oil, is essential. It is necessary to carry out agricultural production with industrial processes, which require financial resources. Previously, funds have been provided for national economic development, and if necessary, the government will provide additional funds. If production from oil crops and sesame cultivation can be improved, it will greatly benefit our country.

Regarding rice, it is necessary to work towards achieving target yields and increasing productivity. This includes expanding summer rice cultivation, double cropping rice, planting other crops after rice, and replanting summer rice. Improving productivity will significantly benefit the country. To achieve successful agricultural operations, it is necessary to cultivate with quality seeds, soil, water, and techniques to achieve target yields. Our country already has good water and soil conditions for successful agricultural operations. Therefore, it is hoped that all attendees will discuss and work towards achieving target yields.

Regarding livestock, it is necessary to carry out systematic livestock farming. Success has been seen with systematic breeding of local cattle, pigs, chickens, and goats. Similarly, good breeds should be raised

See Page - 19

From Page - 18

for better outputs. Necessary animal feeds for livestock farming are locally available. Waste materials from systematic livestock farming can be used as bio-fertilizer in agriculture. Agriculture and livestock farming are mutually beneficial activities. Therefore, discussions are encouraged for the development of livestock farming.

Following this, Union Minister for Agriculture, Livestock, and Irrigation U Min Naung discussed plans for cotton cultivation and production of high-quality cotton seeds, expansion of sunflower oil crop cultivation, conditions of dairy farming and dairy product production, and ongoing efforts for the development of dairy farming. The Union Minister for Cooperatives and Rural Development U Hla Moe also discussed the status of cooperative societies formed for cotton cultivation by state and region, provision of necessary funds for inputs, status of cultivation completion, provision of necessary seeds and inputs for expanding sunflower oil crop cultivation, the cooperative system's role in operating these businesses and the implementation of livestock breeding tasks through cooperative system and Emerald Green projects. Union Minister for Industry Dr. Charlie Than discussed the status of oil milling, yarn, textiles, domestic garment production, and the distribution status of garment production by state and region. Workshops on action plans for the development of the value chain from cotton cultivation to textile production have been conducted. Additionally, the status of oil mill registration and production capacity by state and region, efforts to increase domestic oil production for local consumption, workshops for the development of domestic oil mills, and the resulting outcomes were discussed. Union Minister for Planning and Finance U Win Shein explained the provision of low-interest loans from the Myanmar Agricultural Development Bank for agricultural production costs based on crop types, and the provision of loans for agricultural and livestock operations from the national economic development fund to ministries, states, and regions.

Attendees then discussed issues related to the industrial production of cotton, development of oil crops and cotton cultivation, development of dairy farming, and livestock farming operations.

Concerning the reports, the Senior General made additional remarks, saying it is necessary to establish systems for accumulating capital investments for cultivation of crops. The cooperative system is the most appropriate system, which amounts to helping each other through groups. It will be of great benefit by collectively ploughing, cultivating, harvesting and selling crops by implementing the cooperative system. It is necessary to distribute edible oil produced through cooperative farming in the region and to other regions and states. To do so it is necessary for cooperative societies to connect with each other and to strike the balance of ratios of oil mills and oil raw materials. If necessary, measures must be taken to make high quality machines. It is also necessary to encourage not only the Ministry of Industry but also private factories to do so.

In connection with livestock breeding, priority must be given to local systematic livestock breeding. It is necessary to implement such livestock breeding tasks through the cooperative system. Measures must be taken to regulate livestock breeding tasks systematically. Collective efforts must be made to enhance the quality the raw materials produced. Tasks must be carried out at the minimum cost successfully.

Then, the Senior General made concluding remarks, saying the meeting today highlighted the importance of expansion of cultivation of oil drops and cotton and development of milk cow breeding for development of the country. It is necessary to take measures for cultivation of sunflower as a national objective. As the demand for dairy products, imports of dairy products from other countries can be greatly reduced if high quality dairy products can be domestically produced. To make necessary raw materials available at home, local livestock breeding tasks must be carried out successfully and production of manufacturing industries must be boosted to ensure the security of food, water and basic needs. If edible oil and cotton cultivation, which are especially important for the country, industries and services related to them will make progress. It is necessary to disseminate important points of today's discussions to staff on the ground at different levels. Efforts must be made for availability of quality strains for agriculture and livestock breeding and systematic livestock breeding. Priority must be given to successful implementation of today's discussions for respective sectors. The meeting concluded in the evening.

**100**

AGRICULTURE

# Monywa Township grows more than 1,000 acres of maize in monsoon

According to the statistics of Monywa Township Agriculture Department, a total of 1,085 acres of croplands have been placed under monsoon maize in Monywa Township of Sagaing Region.

In 2024-2025 monsoon season, Monywa Township grew 950 acres of maize and 135 acres of corns, totalling 1,085 against the target of 13,600 acres of millets, 1,084 acres of maize and 250 acres of corns starting from June this year.

U Soe Thet Aung, Head of Monywa Township Agriculture Department stated: "This year, we earmarked more than 10,000 acres of maize and corns in Monywa Township. So far, farmers have planted more than 1,000 acres of crops. We enlarge scopes of knowledge of local farmers in growing crops with the use of pesticides."

This year, the township agriculture department conducted training courses for local farmers to grow maize and corns, manage field demonstration, prevent FAW, and use pesticides.

In Monywa Township, millet yields more than 19 baskets per acre. It costs Ks-350,000 per acre of growing corn. Maize yields more than 50 baskets per acre, costing Ks-500,000 per acre. Corn produces more than 15,000 pieces of fruits, costing more than Ks-500,000 per acre.

**SMK**

AGRICULTURE

# Shwebo Township finishes cultivation of more than 7,000 acres of pigeon pea

A total of 7,426 acres of croplands have been placed under pigeon pea in Shwebo Township of Sagaing Region this monsoon, according to the statistics of Shwebo Township Agriculture Department.

In 2024-2025 monsoon season, the township planned to grow 6,968 acres of pigeon pea. Local farmers have planted 7,426 acres of pigeon pea exceeding the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department said, "We earmarked cultivation of more than 6,000 acres of monsoon pigeon pea in the township but local farmers have planted more than 7,000 acres exceeding the target. Our department helps local farmer boost per-acre yield of crops. Local farmers emphasize cultivation of pea as mixed cropping."

Agricultural staff members raise farmer awareness to choose quality strains of crops, good agricultural techniques and prevention of pests.

Local farmers use traditional pesticides at pigeon pea for reducing costs of pesticide and effectively combat pests. **SMK**

BUSINESS

# Shrimp paste from deltaic area sent to domestic market

"Local fishermen and businesspersons in Amar of Pyapon Township from Ayeyawady deltaic area start sending of shrimp paste to domestic market," said local shrimp paste trader U Myint Tin.

Local businesspersons and fishermen produce the best quality of shrimp paste as demand of the domestic market.

Merchants store shrimp paste in relevant season and sell it in monsoon. So, local fishermen capture shrimp at the sea from September to May yearly.

As they take a break of fishery measures, prices of marine products including shrimp paste become high prices at the domestic market.

At present, fishermen and musinesspersons from Pyapon, Amar, Bogale, Labutta, Pyinsalu, Ngaputaw, Pathein and Kyonmangae townships are distributing a large volume of shrimp paste to the domestic market.

In this regard, they send the products to dry regions of Myanmar as well as Bayintnaung brokerage in Yangon and other major cities.

Starting from June, shrimp paste is sent to the market. Local businesspersons send some 10,000 to 15,000 viss of shrimp paste in each batch. At present, the product fetches Ks-12,000-Ks-20,000 per viss at the market depending on quality.

**SK**

CHINA

# China successfully launches new satellite group

China sent a new satellite group into space on Tuesday from the Taiyuan Satellite Launch Center in north China's Shanxi Province.

The 18 satellites are the first batch of the first generation of Spacesail satellites. The Spacesail Constellation will provide global users with low-latency, high-speed and ultra-reliable satellite broadband internet services, according to the launch service provider China Great Wall Industry Corporation.

The satellite group was launched at 2:42 p.m. (Beijing Time) aboard a modified Long March-6 carrier rocket and entered its preset orbit successfully.

The launch marks the 530th flight mission of the Long March carrier rocket series.

**Xinhua**



A modified Long March-6 carrier rocket carrying a new satellite group blasts off from the Taiyuan Satellite Launch Center in north China's Shanxi Province on August 6, 2024.

INDIA

# Indian gov't confirms former Bangladesh PM Hasina's presence in India

Resigned Bangladesh Prime Minister Sheikh Hasina arrived in India on Monday evening, confirmed Indian External Affairs Minister S. Jaishankar on Tuesday when speaking in parliament's upper house Rajya Sabha.

This was the first time when the Indian government confirmed Hasina's presence in the country, after she fled Bangladesh on Monday following large scale violence.

The minister told federal lawmakers that Hasina had sought India's approval to come to the country.

"At very short notice, she requested approval to come for the moment to India. We simultaneously received a request for flight clearance from the Bangladesh authorities. She arrived yesterday evening in Delhi," Jaishankar said.

**Xinhua**

BANGLADESH

# Bangladesh's president dissolves parliament



Bangladesh's president dissolves parliament.

Bangladesh's President Mohammed Shahabuddin dissolved parliament on Tuesday, paving the way for the formation of an interim government following the resignation of Prime Minister Sheikh Hasina.

The president also ordered the release of jailed former Prime Minister and key opposition leader Begum Khaleda Zia, said a press release from Bangabhaban, the official residence of the president of Bangladesh.

"The decision to dissolve the parliament was taken following the president's discussions with the three chief of staffs of armed forces, leaders of different political parties, representatives of civil society and leaders of the Anti-Discrimination Student Movement," said the press release.

Shamsuddin Dider, member of the media wing of Bangladesh Nationalist Party, told Xinhua that the party's chief Khaleda Zia has already been released.

The release order came a day after her archrival Hasina resigned and military took power. Hasina fled the country on Monday amid violent protests in the South Asian country.

An interim government will be set up to run Bangladesh after Hasina's resignation, according to army chief General Waker-Uz-Zaman.

Zaman made the remarks in a broadcast to the nation on state television on Monday afternoon. He confirmed earlier media reports on Hasina's resignation.

"We would now go to the president to form an interim government," said Zaman.

Hasina, 76, took office for her fourth straight five-year term as the country's prime minister in January this year after her ruling Bangladesh Awami League (AL) party won a landslide victory in the parliamentary elections.

**Xinhua**

VIETNAM

# Over 34 mln e-wallets active in Vietnam

More than 34 million e-wallets were active in Vietnam as of June 30, accounting for 59 percent of the total 58 million activated e-wallets, Vietnam News Agency reported Tuesday, citing the Payment Department under the State Bank of Vietnam.

The country has 50 payment intermediary organizations, of which 48 organizations provide e-wallet services, said the department.

As of the end of June, Vietnam had 9.13 million mobile-money accounts and carried out 128 million transactions worth 4.78 trillion Vietnamese dong (197.2 million U.S. dollars).

Payment growth via a QR Code increased 104.23 percent in quantity and 99.57 percent in value in the first six months of this year compared to the same period last year, according to the department.

Last year, Vietnam recorded 3.5 billion non-cash payment transactions with a total value of more than 66 quadrillion dong (2.6 billion dollars), according to the National Payment Corporation of Vietnam. **Xinhua**

SOUTH KOREA

# S. Korea's heatwave death toll rises to 14

South Korea's heatwave death toll rose to 14 so far this year, with almost 1,700 people treated for heat-related illnesses, the Interior Ministry said Tuesday.

Two women in their 70s died on Sunday due to extreme heat, while a 65-year-old man was reported dead Sunday after collapsing on a farm two days earlier, according to the Ministry of the Interior and Safety.

The three more deaths increased the heat-related death toll to 14 between May 20 and August 4 amid the continued scorching heat across the country.

The total number of patients treated for heat-related illnesses between May 20 and August 4 climbed to 1,690, higher than 1,646 tallied in the same period of last year.

The current heatwave also killed 303,000 heads of livestock, including 277,000 poultry, in addition to 13,000 cultured fish, from June 11 to August 5.

The sweltering heat has plagued the country since last week, with temperatures hovering around 35 degrees Celsius across the nation and reaching as high as 40 degrees Celsius.

The weather agency forecast that the extreme heat, accompanied by tropical nights, would continue until at least August 15.

**Xinhua**

NAY PYI TAW August 6

# Associations issues statements, strongly condemning terror acts of MNDAA terrorists

MNDAA terrorists fired at non-military target Tatmadaw and residential wards in Lashio of Shan State (North) with the use of rockets, heavy weapons and drones, resulting in deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital. Some patients were forcibly abducted, and some residents flee their residences temporarily.

Young Men's Buddhist Association (Kayin State), Myanmar Forest Products and Timber Merchants Association, Myanmar Pharmaceutical and Medical Device Manufacturers Association, and Myanmar Pharmaceutical and Medical Equipment Entrepreneurs Association issued statements, not totally opposing to and strongly condemning inhumane and brutal terror acts as war crime acts of MNDAA terrorists.

100

## Statement of Young Men's Buddhist Association-YMBA (Kayin State)

**6 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcefully abducted some local people.
2. Moreover, their attacks lead to the displacement of residents and severely disrupt civilian lives.
3. In its statement, the Young Men's Buddhist Association-YMBA (Kayin State) objected to and condemned the attacks of terrorists on non-military target buildings, wards and religious buildings.

**Young Men's Buddhist Association-YMBA (Kayin State)**

Myanmar Forest Products and Timber Merchants Association

## Statement of Myanmar Forest Products and Timber Merchants Association

**6 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They abducted some local people by force.

Moreover, their attacks lead to the displacement of residents and severely disrupt civilian lives.

In its statement, the Myanmar Forest Products and Timber Merchants Association objected to and condemned the attacks of terrorists on non-military target buildings, wards and religious buildings.

**Myanmar Forest Products and Timber Merchants Association**

MPMDMA

Myanmar Pharmaceutical and Medical Device Manufacturer Association

## Statement of Myanmar Pharmaceutical and Medical Device Manufacturer Association

**6 August 2024**

In Lashio, northern Shan State, recent attacks by MNDAA remnants targeted the military hospital with rockets, heavy weapons, and drones. The assault resulted in deaths and injuries among patients receiving treatment at the hospital, as well as among families of hospital staff. MNDAA also unlawfully detained and taken away some individuals.

It is the right of every individual to receive safe and secure healthcare, regardless of their location or circumstances. The Myanmar Pharmaceutical and Medical Device Manufacturer Association firmly opposes any attacks on healthcare facilities and consequent harm inflicted on patients and medical staff.

**Myanmar Pharmaceutical and Medical Device Manufacturer Association**

MYANMAR CHAMBER OF COMMERCE FOR PHARMACEUTICAL & MEDICAL DEVICE

## Statement of Myanmar Chamber of Commerce for Pharmaceutical and Medical Device

**6 August 2024**

The recent attack in Lashio, northern Shan State, where armed groups targeted the military hospital with rockets, heavy weapons, and drones, is deeply troubling. This violence resulted in significant harm, including injuries and deaths among patients, hospital staff, and security personnel.

Every individual deserves access to safe and effective healthcare, irrespective of their location or situation. The Myanmar Pharmaceutical and Medical Equipment Entrepreneurs Association strongly opposes any attacks on healthcare facilities and condemns the resulting harm to patients and healthcare workers.

**Myanmar Chamber of Commerce for Pharmaceutical and Medical Device**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဘေရွတ်၊ စစ်ရေး

## ဟစ်ဇဘိုလာက အစ္စရေးမြောက်ပိုင်းကို အသေခံဒရုန်းများဖြင့် တိုက်ခိုက်

လက်ဘနွန်မှ ဟစ်ဇဘိုလာတပ်ဖွဲ့က ဩဂုတ်လ ၆ ရက်တွင် အစ္စရေးနိုင်ငံမြောက်ပိုင်းကို အသေခံဒရုန်းများဖြင့် တိုက်ခိုက်ကြောင်း သိရသည်။

ဟစ်ဇဘိုလာတပ်ဖွဲ့က အစ္စရေးတို့၏ ဂိုလန်တပ်မဌာနချုပ်၊ အမှတ် (၆၂၁) အီဂေါ့ တပ်ဖွဲ့ဌာနချုပ်တို့ကိုပစ်မှတ်ထားကာ အသေခံဒရုန်းများဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်းရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုကို တိုက်ခိုက်မှုတွင် ဟစ်ဇဘိုလာထိပ်တန်းခေါင်းဆောင်တစ်ဦးနှင့် အရပ်သားခုနစ်ဦး သေဆုံးပြီးနောက် ဟစ်ဇဘိုလာနှင့်အစ္စရေးတို့ကြား တင်းမာမှုများမြင့်တက်လာခြင်းဖြစ်သည်။

ဟစ်ဇဘိုလာအတွင်းရေးမှူးချုပ် ဟာဆန်နာဆရယ်လာက သင့်လျော်သောအချိန်နှင့် သင့်လျော်သောနေရာတို့၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကို အတိအကျလက်တုံ့ပြန်သွားမည်ဟု ခြိမ်းခြောက်ထားသည်။

ဟားမက်တို့က အစ္စရေးတို့အပေါ် တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဟားမက်တို့နှင့် တစ်သားတည်းရှိသည်ဟူသောသဘောထားကို ပြသသည့်အနေဖြင့် ပြီးခဲ့သည့်နှစ်အောက်တိုဘာလ ၈ ရက်တွင် ဟစ်ဇဘိုလာတို့က အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်ပြီးနောက် လက်ဘနွန်-အစ္စရေးနယ်စပ်၌ တင်းမာမှုများပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ *Ref: Xinhua*



ဒါကာ၊ နိုင်ငံရေး

## ဘင်္ဂလားဒေ့ရှ်သမ္မတက လွှတ်တော်ကိုဖျက်သိမ်း



ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ရာထူးမှနုတ်ထွက်သွားပြီးနောက် သမ္မတမိုဟာမက်ရှာဟာဘူဒင်က ကြားဖြတ်အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးအတွက် ဩဂုတ်လ ၆ ရက်တွင် လွှတ်တော်ကိုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းသိရသည်။

ထို့ပြင် ထောင်ချခံထားရသည့်ဝန်ကြီးချုပ်ဟောင်းနှင့် အဓိကအတိုက်အခံခေါင်းဆောင် ဘီဂမ်ခါလေဒါဇီယာကို ပြန်လွှတ်ပေးရန်လည်း သမ္မတကအမိန့်ပေးလိုက်ကြောင်း သမ္မတရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သမ္မတအနေဖြင့် တပ်မတော်မှထိပ်တန်းတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယခုဆုံးဖြတ်ချက်ကိုချမှတ်လိုက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုအခါ အတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီခေါင်းဆောင် ခါလေဒါဇီယာသည် အကျဉ်းထောင်မှပြန်လွတ်လာပြီဖြစ်ကြောင်း ထိုပါတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက Xinhua သတင်းဌာနသို့ပြောသည်။

ဝန်ကြီးချုပ်ဟာဆီနာနုတ်ထွက်သွားပြီးနောက် ကြားဖြတ်အစိုးရတစ်ရပ်ကိုဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် ဝေကာအူဇာမန်က ပြောသည်။

ရှိတ်ဟာဆီနာသည် ၂၀၀၉ ခုနှစ်ကတည်းက ဝန်ကြီးချုပ်အဖြစ် အကြိမ်ကြိမ်တာဝန်ယူခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့်ဇန်နဝါရီလ ရွေးကောက်ပွဲတွင်လည်း ၎င်းသာဆက်လက်အနိုင်ရရှိသည့်အတွက် ရွေးကောက်ပွဲလိမ်လည်မှုများရှိသည်ဟု ဝေဖန်စွပ်စွဲမှုများနှင့်ရင်ဆိုင်ရကြောင်း သိရသည်။

*Ref: Xinhua*

ဟနွိုင်း၊ ကျန်းမာရေး

## ဗီယက်နမ်၌ ဝက်မှကူးစက်သည့် ဗက်တီးရီးယားကြောင့် ပထမဆုံးသေဆုံးသူရှိလာ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဝက်မှကူးစက်သည့် ဗက်တီးရီးယားကြောင့် ပထမဆုံးသေဆုံးသူရှိလာကြောင်း ပြည်တွင်းသတင်းဌာနများက ဩဂုတ်လ ၆ ရက်တွင် ဖော်ပြထားသည်။

ထိုသို့ ဗက်တီးရီးယားကူးစက်မှုကြောင့် သေဆုံးသူမှာ ကွေ့ဟိုင်အရပ်မှ အသက် ၈၆ နှစ်ရှိသည့် အဘွားအိုတစ်ဦးဖြစ်သည်ဟု သတင်းဌာနများကဖော်ပြထားသည်ကို တွေ့ရသည်။

ထိုအဘွားအိုသည် ဩဂုတ်လ ၅ ရက်တွင် အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ငိုက်မျဉ်းခြင်းဝေဒနာများခံစားရပြီးနောက် အမှတ်(၁၀၃)စစ်ဆေးရုံ၌ လာရောက်စစ်ဆေးကုသမှုခံယူခြင်းဖြစ်သည်။

အဘွားအိုသည် streptococcus suis ဗက်တီးရီးယားကူးစက်ခံရခြင်းဖြစ်သော်လည်း ဇာစ်မြစ်ကိုမူဖော်ထုတ်နိုင်ခဲ့ခြင်းမရှိပေ။ ယခုအခါ ထိုဗက်တီးရီးယားကူးစက်ခံရသူခုနစ်ဦးရှိသည်။

ကူးစက်မှုဖြစ်ရသည့်အကြောင်းရင်းမှာ လူများအနေဖြင့် ဝက်များကိုသတ်ခြင်း၊ ဝက်သွေးခဲများ သို့မဟုတ် ကျက်အောင်မချက်ထားသည့် ဝက်သားများကိုစားခြင်းကြောင့်ဖြစ်နိုင်ကြောင်း ဟနွိုင်းရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားသည်။

*Ref: Xinhua*



ဝါရှင်တန်၊ နိုင်ငံရေး

## ကမ်မလာဟဲရစ်က သမ္မတရွေးကောက်ပွဲအတွက် တရားဝင်ကိုယ်စားလှယ်ဖြစ်လာ



အမေရိကန်ဒုတိယသမ္မတကမ်မလာဟဲရစ်သည် နိုဝင်ဘာလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်လာပြီဖြစ်ကြောင်းသိရသည်။

ဒီမိုကရက်တစ် အမျိုးသားညီလာခံကိုယ်စားလှယ်များက ငါးရက်ကြာလုပ်ဆောင်သည့် အွန်လိုင်းမဲပေးမှုအစီအစဉ်အရ ဟဲရစ်သည် ဩဂုတ်လ ၅ ရက်ညပိုင်းတွင် ပါတီအတွက် သမ္မတရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ဖြစ်လာခြင်းဖြစ်သည်။

ဟဲရစ်သည် ဂျိုးဘိုင်ဒင်ချမှတ်ခဲ့သောမူဝါဒများဖြစ်သည့် ဒီမိုကရေစီအရေး၊ သေနတ်ကိုင် ရမ်းကားမှုကာကွယ်ရေး၊ ကိုယ်ဝန်ဖျက်ချမှု အခွင့်အရေးများကို ဆက်လက်စွဲကိုင်သွားမည်ဟုကြေညာထားသည်။

မူလက ဒီမိုကရက်တစ်ပါတီမှ ဂျိုးဘိုင်ဒင်က ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ပြင်ဆင်ထားခြင်းဖြစ်သော်လည်း စကားစစ်ထိုးပွဲတွင် ရီပတ်ဘလစ်ကန်ပါတီမှ ပြိုင်ဘက် ဒေါ်နယ်ထရမ့်ကိုရှုံးနိမ့်မှုကြောင့် ထိုသို့ပါဝင်ယှဉ်ပြိုင်မှုမှ နုတ်ထွက်ကာ ကမ်မလာဟဲရစ်ကို ထောက်ခံပေးခဲ့ခြင်းဖြစ်သည်။

ကမ်မလာဟဲရစ်သည် ဂျမေကာဖခင်နှင့်အိန္ဒိယမိခင်တို့မှမွေးဖွားလာသူဖြစ်ပြီး ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် အမေရိကန်-မက္ကဆီကိုနယ်စပ်၌ လူဝင်မှုကြီးကြပ်ရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်၍ ဝေဖန်မှုများခံထားရသူဖြစ်ကြောင်း သိရသည်။

*Ref: Xinhua*

မော်စကို၊ စစ်ရေး

## ရုရှားရေငုပ်သင်္ဘောက ပုံစံတူရန်သူ့ရေယာဉ်ကိုဖျက်ဆီးလိုက်နိုင်

ရုရှား၏ပစိဖိတ်ရေယာဉ်စုမှ ရေငုပ်သင်္ဘောတစ်စင်းက ဂျပန်ပင်လယ်ပြင်အတွင်းလုပ်ဆောင်သည့် လေ့ကျင့်ခန်းများတွင် ပုံစံတူရန်သူ့ရေယာဉ်ကိုဖျက်ဆီးလိုက်နိုင်ကြောင်း ထိုရေယာဉ်စုကွပ်ကဲမှုဌာနချုပ်၏ ထုတ်ပြန်ချက်ကိုကိုးကား၍ RIA သတင်းဌာနက ဩဂုတ်လ ၆ ရက်တွင်ဖော်ပြထားသည်။

လေ့ကျင့်ခန်းအစီအစဉ်အရ Komso-molsk-on-Amur အမည်ရှိ ရေငုပ်သင်္ဘောမှ စစ်သည်များသည် ပုံစံတူရန်သူ့ရေယာဉ်ပစ်မှတ်ဆီသို့ တိတ်တဆိတ်ချဉ်းကပ်ကာ ထိုနယ်မြေမှလျှို့ဝှက်စွာပြန်ထွက်လာရမည်ဖြစ်သည်။

ရေငုပ်သင်္ဘောမှ စစ်သည်များသည် ၎င်းတို့အား ပေးအပ်ထားသောတာဝန်ကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြောင်း၊ပစ်ခတ်မှုကို လေ့ကျင့်ရေးတော်ပီဒိုနှစ်စင်းဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါလေ့ကျင့်ခန်းကို ပစိဖိတ်ရေယာဉ်စု၏ တိုက်ပွဲဝင်လေ့ကျင့်ခန်းအစီအစဉ်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref: Xinhua*

ဘန်ကောက်၊ စီးပွားရေး

## ထိုင်းအိမ်ခြံမြေဈေးကွက်သို့ တရုတ်ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာ



ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး အငှားချထားရန်နှင့် ပြန်လည်ရောင်းချရန်တို့အတွက် အဓိက စီးပွားရေးမြို့ကြီးများတွင် ဝယ်ယူမှုများ ပိုမိုလုပ်ဆောင်လာခြင်းဖြစ်သည်။

ထိုင်းအစိုးရအနေဖြင့် ပြည်ပနိုင်ငံသားများအတွက် စာချုပ်ဖြင့်ငှားရမ်းသုံးစွဲခွင့်ကာလကို ယခင်က နှစ် ၅၀ သတ်မှတ်ထားရာမှ ယခုအခါ ၉၉ နှစ်သို့ တိုးမြှင့်သတ်မှတ်ရန်စီစဉ်နေခြင်းကြောင့်လည်း တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြင့်တက်လာစေခြင်းဖြစ်သည်။

အလားတူ ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကွန်ဒိုနီနီယံများဆောက်လုပ်မှုတွင် ပြည်ပနိုင်ငံသားများ၏ပိုင်ဆိုင်မှုကို ယခင်က ၄၉ ရာခိုင်နှုန်းသာ သတ်မှတ်ထားရာမှ ၇၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ရန် စီစဉ်ထားသည်။

"ထိုင်းနိုင်ငံရဲ့ဥပဒေနဲ့အညီ ဒါမှမဟုတ် ထိုင်းနိုင်ငံသားများနဲ့ပူးတွဲလုပ်ဆောင်မှုကနေ တစ်ဆင့်ဖွဲ့စည်းထားတဲ့ ကုမ္ပဏီတွေအနေနဲ့ မြို့ကြီးတွေမှာ ကွန်ဒိုတွေနဲ့အိမ်ရာတွေကို ဝယ်ယူဖို့အတွက် တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို အသုံးပြုနေကြတာပါ" ဟု အိမ်ခြံမြေအတိုင်ပင်ခံကုမ္ပဏီဖြစ်သည့် Property DNA မှ ဦးဆောင်ညွှန်ကြားရေးမှူး ဆူရာချတ်ကောင်းချိုကပြောသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်ကုမ္ပဏီများ၏ ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ဘတ် ၃၈၂ ဒသမ ၀၆ ဘီလီယံ ရှိသည်ဟု ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာနကထုတ်ပြန်ထားသည်။

အဆိုပါပမာဏသည် ထိုင်းနိုင်ငံအတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းရှိသောကြောင့် ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ပြီးနောက် တရုတ်နိုင်ငံက တတိယမြောက် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်လာသည်။

တရုတ်နိုင်ငံက ထိုင်းနိုင်ငံအတွင်း အများဆုံးရင်းနှီးမြှုပ်နှံထားသောကဏ္ဍများမှာ မော်တော်ကားနှင့်အပိုပစ္စည်း၊ တာယာနှင့်ကျွတ်၊ အိမ်ခြံမြေ၊ သံနှင့်သံမဏိထုတ်လုပ်ရေးနှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍများဖြစ်ကြောင်းသိရသည်။ ***Ref: NT***

ဆိုး၊ သဘာဝဘေး

## တောင်ကိုရီးယား၌ အပူလှိုင်းဖြစ်မှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ မြင့်တက်

ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြစ်မှုကြောင့် သေဆုံးသူ စုစုပေါင်း ၁၄ ဦးအထိ မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၆ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အပူနှင့်ဆက်စပ်သည့်ရောဂါများ ခံစားရမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံရသူ ၁၇၀၀ နီးပါးရှိသည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ဩဂုတ်လ ၄ ရက်မှာပင် အသက် ၇၀ ကျော်အမျိုးသမီးနှစ်ဦးနှင့် အသက် ၆၅ နှစ်ရှိ အမျိုးသားတစ်ဦးတို့သေဆုံးသောကြောင့် မေလ ၂၀ ရက်မှ ဩဂုတ်လ ၄ ရက်အထိ အပူလှိုင်းဖြစ်မှုကြောင့်သေဆုံးသူ ၁၄ ဦး အထိရှိလာခြင်းဖြစ်သည်။

အလားတူ လက်ရှိအပူလှိုင်းဖြစ်မှုကြောင့် မွေးမြူရေးတိရစ္ဆာန်အကောင်ရေ သုံးသိန်းကျော်သေဆုံးထားသည်ဟု တာဝန်ရှိသူများကပြောသည်။

အပူချိန်မြင့်တက်မှုသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပိုမိုဆိုးဝါးလာခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်း၌ အပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ပတ်ဝန်းကျင်တွင်ရှိကာ အချို့ဒေသများတွင် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိသည်။

ညအပူချိန်များ မြင့်တက်နေသောကြောင့် ဩဂုတ်လ ၁၅ ရက်အထိ အပူချိန်မြင့်မားမှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။ ***Ref: Xinhua***



နယူးယောက်၊ မှုခင်း

## အစ္စရေးကိုတိုက်ခိုက်မှု၌ ဟားမက်ဘက်မှ ကုလသမဂ္ဂဝန်ထမ်းကိုးဦးပါဝင်

ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၇ ရက်တွင်ဖြစ်ပွားသော အစ္စရေးကိုတိုက်ခိုက်မှု၌ ဟားမက် ဘက်မှ ကုလသမဂ္ဂဝန်ထမ်းကိုးဦး ပါဝင်သည်ဟု ကုလသမဂ္ဂ၏စုံစမ်းစစ်ဆေးမှုအစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါလက်စတိုင်းဒုက္ခသည်များကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် UNRWA မှ ဝန်ထမ်းများအနေဖြင့် အောက်တိုဘာလ ၇ ရက်တိုက်ခိုက်မှုတွင် ပါဝင်နေသည်ဟု အစ္စရေးဘက်က အတိအလင်းပြောပြီးနောက် ကုလသမဂ္ဂက ဌာနတွင်း စစ်ဆေးမှုလုပ်ဆောင်ခြင်းဖြစ်သည်။

ဂါဇာတွင် UNRWA မှ ဝန်ထမ်း ၁၃၀၀၀ ခန့်ရှိသည့်အနက် တိုက်ခိုက်မှုတွင် ပါဝင်သည်ဟုယူဆရသူ ၁၉ ဦးကို ကုလသမဂ္ဂမှ ဌာနတွင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများလုပ်ဆောင်ရာ ၁၀ ဦးမှာ သက်သေခိုင်လုံခြင်းမရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့သော် ကျန်ကိုးဦးမှာမူ တိုက်ခိုက်မှုတွင် ပါဝင်နိုင်ခြင်းအတွက် သံသယအရှိဆုံးသူများဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် UNRWA မှထုတ်ပယ်ခံရမည်ဖြစ်ကြောင်း ထိုအေဂျင်စီမှ ထိပ်တန်းတာဝန်ရှိသူက ပြောသည်။

***Ref: Xinhua***

ခါတွမ်၊ သဘာဝဘေး

## ဆူဒန်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် အနည်းဆုံးလူ ၃၂ ဦးသေဆုံး၊ ၁၀၇ ဦးဒဏ်ရာရ

ဆူဒန်နိုင်ငံ၌ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် အနည်းဆုံးလူ ၃၂ ဦးသေဆုံးပြီး ၁၀၇ ဦး ဒဏ်ရာရရှိကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၅ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါရေကြီးမှုကြောင့် ပြည်နယ်ခုနစ်ခုတွင် ရေကြီးမှုဒဏ်ကိုခံစားရပြီး အိမ်ခြေ ၅၅၇၅ လုံးပျက်စီးသည်ဟု ဝန်ကြီးဌာနမှ အထွေထွေညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး အယ်ဖာဒီမိုဟာမတ်မာမွတ်ကပြောသည်။

ယင်းကဲ့သို့ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားကြောင်း၊ ကာဆာလာပြည်နယ်၌ ၁၀၂ ဦး၊ ခါတွမ်ပြည်နယ်၌ လေးဦး၊ ဂျီဇီရာပြည်နယ်၌ ၁၆ ဦးရှိကြောင်း ၎င်းကဆက်ပြောသည်။ အစောပိုင်းထုတ်ပြန်ချက်တစ်ခုတွင် ကာဆာလာပြည်နယ်ရှိ ကာဆာလာမြို့ကို ဖြတ်သန်းစီးဆင်းနေသော ဂက်မြစ်၏ မြစ်ရေသည် ပိုမိုမြင့်တက်လာနိုင်သည်ဟု မိုးလေဝသဌာနက သတိပေးထားသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မြစ်ကမ်းစပ်အနီး၌နေထိုင်ခြင်းမပြုရန် တာဝန်ရှိသူများကတိုက်တွန်းထားသည်။

ရေကြီးမှုသည် ဆူဒန်နိုင်ငံ၌ ဇွန်လမှ အောက်တိုဘာလအတွင်းဖြစ်လေ့ရှိသည့် သဘာဝဘေးတစ်ခုဖြစ်သည်။ ပြီးခဲ့သည့်သုံးနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူ့အသက်ရာပေါင်းများစွာဆုံးရှုံးရပြီး စိုက်ပျိုးမြေအမြောက်အမြားပျက်စီးရကြောင်းသိရသည်။ ***Ref: Xinhua***



မော်စကို၊ နိုင်ငံရေး

## အမေရိကန်-ဂျပန်ပူးပေါင်းမှုက အိမ်နီးချင်းများအတွက် နျူကလီးယားခြိမ်းခြောက်မှုဖြစ်ဟု ရုရှားပြော

အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မိတ်ဖွဲ့ပူးပေါင်းမှုသည် ဂျပန်နိုင်ငံ၏အိမ်နီးချင်းနိုင်ငံများအတွက် နျူကလီးယားခြိမ်းခြောက်မှုကိုဖြစ်ပေါ်စေကြောင်း ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးကပြောသည်။

အဆိုပါနှစ်နိုင်ငံသည် စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုလျင်မြန်စွာ ခိုင်မာလာနေကြောင်း၊ ထိုသို့ဆောင်ရွက်မှုများတွင် ဂျပန်တပ်မတော်၏တိုက်ခိုက်ရေးစွမ်းရည်များတိုးတက်စေရန်ကူညီပေးမှု၊ နှစ်နိုင်ငံရှိကာကွယ်ရေးစက်မှုလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှုတို့ပါဝင်ကြောင်း ရုရှားသံအမတ်ကြီး နီကိုလိုင်းနိုဒရက်က ပြောသည်။

ထို့ပြင် ယင်းနှစ်နိုင်ငံသည် ဟန့်တားရေးနယ်ပယ်ကိုတိုးချဲ့လာရာ ထိုအထဲတွင် ပူးတွဲစစ်ဆင်ရေးများ၌ နျူကလီးယားလက်နက်များကိုအသုံးပြုမှုလည်းပါဝင်ကြောင်းနှင့် ထိုသို့သောအခြေအနေကို ဂျပန်ဝန်ကြီးချုပ်ကလည်းထောက်ခံထားကြောင်း ၎င်းကဆက်ပြောသည်။

ထို့အတူ အမေရိကန်နိုင်ငံက နျူကလီးယားလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့သည်ကို ဂျပန်နိုင်ငံက လျစ်လျူရှုထားသည်သာမက ထိုသို့သောအစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်ရန်ပင် ဆန္ဒရှိသည်ဟု ဂျပန်အစိုးရကဖော်ပြနေကြောင်း ရုရှားသံအမတ်ကြီးကပြောသည်။

အမေရိကန်နိုင်ငံက နျူကလီးယားလက်နက်များအပါအဝင် နည်းလမ်းများစွာအသုံးပြု၍ ဂျပန်နိုင်ငံကို ပြင်ပခြိမ်းခြောက်မှုများမှ ကာကွယ်ပေးသွားမည်ဟုကတိပြုကြောင်းပြောပြီးနောက် ရုရှားသံအမတ်ကြီးက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

***Ref: Xinhua***

● ကျောဖုံးမှအဆက်

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၅ ပေခွဲခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၂ လက်မခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **(မိုး/ဇလ)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသော ပြည်သူများ"**ခေါင်းစဉ်ဖြင့် ၇-၈-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော် ဩဂုတ် ၆

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကိုဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက် ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းရရှိမှု (၅၃)ကြိမ်ရရှိခဲ့ပြီး သတင်းမှား(၁)ကြိမ်၊ နောက်ကျသတင်း(၂)ကြိမ်နှင့် ဖမ်းဆီးရမိမှု အကြိမ် (၅၀) ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ(၅၆)မှုဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သောကုန်ပစ္စည်းအမျိုး (၃၀)အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၁၉၈ ဒသမ ၈၇၆)သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။



၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဖမ်းဆီးရမိမှု။



၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးကျပ် (၁၁၉၈ ဒသမ ၈၇၆)သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ်(၂၃၉ ဒသမ ၇၇)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများက သတင်းပေးဆုကြေးငွေ (၂၇၁ ဒသမ ၅၆၆)သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေး antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၆

# ကြည့်မြင်တိုင်၊ မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၅ ရက် နံနက် ၁၁ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး(အနောက်)ရပ်ကွက် ကမ်းနားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ သီဟကျော်(ခ)ဇော်ဖိုးနှင့် ထက်သူမိုးမြင့်ရှိန်(ခ)နဂါးတို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ မသင်္ကာဖွယ်တွေ့ရှိသူ ကျော်ဇေယျာအောင်ကိုစစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် လက်ဆွဲအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ မြန်မာငွေကျပ် သုည ဒသမ ၉၈၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၁)ရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ မြန်မာငွေကျပ်သိန်း ၂၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


ကျော်ဇေယျာအောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၆

# ONE 168: Denver ပြိုင်ပွဲတွင် တွဲဆိုင်း ၁၂ ပွဲပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲလည်းပါဝင်မည်



စက်တင်ဘာလ ၆ ရက် (မြန်မာစံတော်ချိန် စက်တင်ဘာလ ၇ ရက် နံနက်အစောပိုင်း)တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည့် ONE 168: Denver ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အောင်လအန်ဆန်၏မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲလည်း ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် စိန်ခေါ်ပွဲ ၁၀ ပွဲ၊ ချန်ပီယံခါးပတ်လုပွဲ နှစ်ပွဲပါဝင်မည်ဖြစ်ပြီး Main-Event အဖြစ် ဘင်တန်ဝိတ်တန်းမွေထိုင်း၊ ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဗြိတိန်နိုင်ငံသား ဂျိုနသန်နှင့်ထိုင်းနိုင်ငံသား ဆူပါလက်ခ်၊ Co-Main Event အဖြစ် လိုက်ဝိတ်တန်း Submission Grappling World Championship တွင် အမေရိကန်နိုင်ငံသား ရှော့တိုလိုနှင့်အမေရိကန်နိုင်ငံသား မစ်ကီတို့ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်နှင့်တူကီယဲနိုင်ငံသား အာဒိုဂန်တို့ပွဲကိုမူ ပွဲစဉ်(၉)အဖြစ် ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပွဲများနှင့် တစ်နှစ်ကျော်ဝေးကွာပြီးမှ ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန်လိုအပ်နေသည်။ အာဒိုဂန်နှင့်ထိုးသတ်မည့်ပွဲမှာ အောင်လအန်ဆန်အတွက် One Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး ပွဲ ၂၀ မြောက်နှင့် ၁၀ နှစ်ပြည့်တွင် ထိုးသတ်ခွင့်ရသည့်ပထမဆုံးပွဲလည်းဖြစ်သည်။

အောင်လအန်ဆန်သည် One Championship အဖွဲ့အစည်းနှင့် စာချုပ်သက်တမ်းတိုးထားသော်လည်း ကာလအတန်ကြာမှပွဲထိုးသတ်ခွင့်ရရှိခြင်းဖြစ်ကြောင်းသိရသည်။ **ညီမြတ်သော်တာ၊ဓာတ်ပုံ**–ALNS

နေပြည်တော် ဩဂုတ် ၆

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "A.S.K (မြင်းခြံသား)" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၇) ရပ်ကွက်နေ အောင်ချိတ်(ခ)အောင်စိုးခန့်အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ "Min Htet" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ်၊ စွယ်လှကျေးရွာနေ မင်းထက်အား ညနေ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် ဩဂုတ် ၆

# ထားဝယ်မြို့နယ်၊ ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာအား တပ်မတော်ကမီးရှို့ဖျက်ဆီးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများတည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် အဆိုပါကျေးရွာတစ်ဝိုက်၌ အကြမ်းဖက်သမားများ၏ခိုအောင်းလှုပ်ရှားသွားလာမှုများမရှိစေရေး စစ်ဆေးရှာဖွေခြင်းများဆောင်ရွက်နေမှုကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်နှင့် အကြမ်းဖက်သမားများ လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်ရန်အတွက် အချိန်ကိုက်သတင်းအမှားများ ဖြန့်ဝေခြင်းဖြစ်ပြီး ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းမှာ အကြမ်းဖက်သမားများ၏လုပ်ရပ်သာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

နေပြည်တော် ဩဂုတ် ၆

# AA အကြမ်းဖက်သောင်းကျန်းသူများက မောင်တောမြို့ရှိ ပုစွန်ကန်အနီးတွင် ယာယီနေရပ်စွန့်ခွာနေသော ဘင်္ဂါလီလူမျိုးများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအားအဓမ္မပြုကျင့်သတ်ဖြတ်ခြင်းများလုပ်ဆောင်ခဲ့သည့် ဗီဒီယိုဖိုင်များထွက်ပေါ်





AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၅ ရက်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့ (အမှတ်-၂)ဖော်ယာဇီရွာ အနောက်ဘက်ကန်စည်းရိုးနားရှိ ပုစွန်ကန်ပေါင်တွင် AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများ၊ ကလေးငယ်များအပါအဝင် လူအစုလိုက်အပြုံလိုက်ကို လူမဆန်စွာ ရက်ရက်စက်စက်နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ဘင်္ဂါလီအမျိုးသမီးငယ်များကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ သိရှိသွားမည်ကိုစိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန်လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများကို ယခုကဲ့သို့ လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး ထိုသို့သတ်ဖြတ်ခဲ့သည့်ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၉/၂၀၂၄)

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၃)တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်"ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံအခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍မရသောအခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ လူသားများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုတို့ကိုထိခိုက်စေသော အကြောင်းအရာများစွာဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့် နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်း ကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့် အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့်မူလအခြေခံအခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုကြရန်လိုအပ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများအပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်တို့ကို အလေးအနက်ထား ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်**

နေပြည်တော် ဩဂုတ် ၆

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် ၂/၂၀၂၄ ကျင်းပ



တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် ၂/၂၀၂၄ ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Cluster - 1 တိုက်အမှတ်(၆)ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၂၁၆ ဦးကို တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ၊ မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှသဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၃၃ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ဘဏ်ရှေ့နေခန့်ထားနိုင်ရေးအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ရေး လျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ(မန္တလေး)ရုံးခွဲဖွင့်လှစ်ခဲ့သည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ(နေပြည်တော်)ရုံးအဆောက်အဦဆောက်လုပ်ရန်ကိစ္စ၊ ၂၀၂၅ ခုနှစ် တရားလွှတ်တော်ရှေ့နေများ ကောင်စီ DIARY နှင့် Note Book ထုတ်ဝေရန် မျက်နှာဖုံး Design နှင့် ထည့်သွင်းလိုသည့် အချက်အလက်များကိစ္စ၊ ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားသည့် ငွေစုအကောင့် SC - 023614 နှင့် CB - 04687 တို့ကို နေပြည်တော်သို့ ပြောင်းရွှေ့ရန်ကိစ္စ စသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသိတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၆

# မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်လာကြစေရေး အားပေးကူညီ



မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်လာကြစေရေး အားပေးကူညီလျက်ရှိရာ ယမန်နေ့က ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ တောင်သူ ဒေါ်ဝင်းနွယ်၏ (RS-CS) ဆင်းသုခ စီးပွားဖြစ်မျိုးသန့်မျိုးပွား၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ တောင်သူ ဦးယဉ်ထွေး၏ ဆင်းသုခစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး ဒေသခံတောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများပေးအပ်သည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ကျိုက်လတ်မြို့နယ်ရုံးတွင် ခရိုင်နှင့်မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ မိုးစပါးလျာထားချက်ပြည့်မီစေရေး၊ တောင်သူများကုန်ကျစရိတ်သက်သာစွာ သီးထပ်သီးနှံများကို ရာသီအချိန်မီစိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာသုံးစွဲသူများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးဖြစ်ထွန်းစေရန် စွမ်းအားကို အပြည့်အဝအသုံးချနိုင်ရေး၊ လယ်ယာလုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရေး၊ စက်ကိရိယာပြုပြင်ထိန်းသိမ်းအသုံးပြုမှု နည်းပညာပြန့်ပွားရေးအတွက် လက်တွေ့သရုပ်ပြလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ချက်များကိုဆွေးနွေးမှာကြားပြီး ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့စက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမတွင် အခြေခံပညာကျောင်းအုပ်ကြီးများ၊ စာကြည့်တိုက်မှူးများ၊ လူမှုရေးအသင်းအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးခဲ့ကြသည့် ဆရာမကြီးများကို ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်ပြီး လူမှုရေးအသင်းအဖွဲ့များ၊ စာကြည့်တိုက်များအတွက် သုတရသစာအုပ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ညောင်တုန်းမြို့နယ် ကျုံတမာအုပ်စု ပဲရုံဆိပ်ကျေးရွာရှိ ထိပ်တန်းနို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ နွားစာမြက် နေပီယာ၊ အဲဗားဂရင်း၊ မွန်ဘားစားများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပန်းတနော်မြို့နယ် ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီလီမိတက်၏ အသားတိုးဝက်မွေးမြူရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အစားအစာဘေးကင်းလုံခြုံရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

■ **ကျောဖုံးမှအဆက်**

Glory အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲပြီးဆုံးခါနီး ပွဲချိန် ၈၈ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရာမညယူနိုက်တက်အသင်းမှ ချမ်းဦးက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဆေးဗားစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် အောင်ဖုန်းမြတ်က သွင်းယူနိုင်ခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် ကျော်စွာလင်းက သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဆေးဗားစတားအသင်းနှင့် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ကာ ဂိုးသမား ခင်ဇော်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃)အပြီးတွင် အမှတ်ပေးဇယားအပြောင်းအလဲရှိခဲ့ပြီး University အသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## ဗိုလ်လောင်းလျှောက်လွှာများ
## အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




### ပျောက်ဆုံးကြောင်း
မောင်မျိုးမင်းသက်(ဘ)ဦးမြင့်စိုး ၁၀/ကမရ(နိုင်)၂၁၀၅၉၁ (KMW-145647) ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း
မောင်သန့်ဇင်ထွန်း(ဘ)ဦးမျိုးနိုင် ၁၀/ဘလန(နိုင်)၁၄၀၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း
ဒေါ်အေးအေးလွင်(ဘ)ဦးလွင်မှတ် ၆/ရဖန(နိုင်)၀၄၇၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကန်ပေါက်ရွာနေ အဘဦးအောင်ရင်၏သမီး မခင်မြတ်မွန်နှင့် မခင်မြမွန် ၈/ရစက(နိုင်)၂၀၄၆၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခင်မြတ်မွန်(ခ)မခင်မြမွန်**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ. ထ. က(ဆတ်သွား) Grade 12 တွင် ပညာသင်ကြားနေသော အဘဦးတင်ဝင်းနိုင် ၈/တတက(နိုင်)၁၁၆၁၇၆ ၏သမီး မအိရွှေဇင်၏အမည်မှန်မှာ မအိရွှေစင်ဖြစ်ပါကြောင်း။ **မအိရွှေစင်**

### ဖခင်အမည်မှန်
ဇလွန်မြို့နယ်၊ ငြိမ်းအေးကျေးရွာ အ. ထ. က ဂုံညင်းတန်း Grade-12 မှ မောင်ဖြိုးပိုင်ကျော်၏ဖခင်အမည်မှန်မှာ ဦးအုံးကြွယ် ၁၄/ဇလန(နိုင်)၀၆၃၅၀၅ ဖြစ်ပါကြောင်း။ **ဦးအုံးကြွယ်**

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရန်ကုန်
## (အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး(ရန်ကုန်)ပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းမပေါ်ရှိ မြေဧရိယာ (အလျား ၁၉၀ ပေ × အနံ ၁၆၂ ပေ) အကျယ်ရှိမြေကွက်အား စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက်အငှားစနစ်ဖြင့် ငှားရမ်းအသုံးပြုနိုင်ရန် အိတ်ပိတ်တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၇-၈-၂၀၂၄ ရက်မှ ၁၅-၈-၂၀၂၄ အထိ။ |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး(ရန်ကုန်)၊ လှိုင်မြို့နယ်။ |
| ၄။ | တင်ဒါသွင်းရမည့်နောက်ဆုံးရက် | - | ၁၆-၈-၂၀၂၄(သောကြာနေ့)၊ ၉း၃၀ နာရီ။ |
| ၅။ | တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့် နေရာ | - | ၁၆-၈-၂၀၂၄ (၁၀း၀၀)နာရီ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရန်ကုန်။ |

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး(ရန်ကုန်) တယ်လီဖုန်းအမှတ် ၀၉-၆၇၉၄၂၉၉၅၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး(ရန်ကုန်)**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ. ထ. က(ကတုံးပေါ်အလယ်)၊ G-2 မှ မရွှန်းဝင့်ဟန်စင့်၊ G-3 မှ မောင်လရောင်ဆန်းစင့်နှင့် G-3 မှ မောင်စိုင်းလင်းဟန်စင့်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ခင် ၁၂/သခန(နိုင်)၁၂၅၈၇၁ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ခင်**

### အမည်မှန်
ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ ပွေခါးကျေးရွာနေ အ. ထ. က(၇) Grade-6 တွင် ပညာသင်ကြားနေသော အဘဦးပြည့်စုံ၏သား အမည်မှန်မှာ မောင်ပြည့်စုံအောင် ၁၃/ကတန(နိုင်)၂၃၁၇၁၉ ဖြစ်ပါကြောင်း။ **မောင်ပြည့်စုံအောင်**

### အစုရှယ်ယာလျှော့ချခြင်း
အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ Hnin Yar Zar Company Limited ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ သိန်း ၅၀,၀၀၀,၀၀၀(ကျပ်သိန်းငါးရာတိတိ)မှ သိန်း ၅,၀၀၀,၀၀၀(ကျပ်သိန်းငါးဆယ်တိတိ) သို့ လျှော့ချသွားမည်ဖြစ်ပါသည်။

**Hnin Yar Zar Company Limited.**
**09-796702920**

### အစုရှယ်ယာလျှော့ချခြင်း
အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ Tun And Aung Company Limited ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ သိန်း ၁၀၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ) မှ သိန်း ၁,၀၀၀,၀၀၀(ကျပ်တစ်ဆယ်သိန်းတိတိ)သို့ လျှော့ချသွားမည်ဖြစ်ပါသည်။

**Tun And Aung Company Limited.**
**09-5023336**

### အစုရှယ်ယာလျှော့ချခြင်း
အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ RAINBOW GATE AUTO CO., LTD ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ သိန်း ၁၀၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ)မှ သိန်း ၂၀,၀၀၀,၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)သို့ လျှော့ချသွားမည်ဖြစ်ပါသည်။

**RAINBOW GATE AUTO CO.,LTD**
**01-2317822,01-2317833**

### ပျောက်ဆုံးကြောင်း
ညဏ်လင်းထက်ကျော်(ဘ)ဦးကျော်စိန် ၉/မဟမ(နိုင်)၀၀၁၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၉၀၄၂၀၉၂**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ. ထ. က(ကတုံးပေါ်အလယ်)၊ G-10 မှ မဇာလီကျော်ဇင်နှင့် G-6 မှ မစုလှဲ့နိုင်တို့၏ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁၂/သခန(နိုင်)၀၈၂၄၃၂ ဖြစ်ပါကြောင်း။ **ဦးသန်းဦး**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ. ထ. က(မြို့မ)၊ Grade -8 မှ မဖူးဖူးဟေမာန်ကျော်၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၂/သခန(နိုင်)၀၀၉၂၃၃ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်မိုး**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ဘုရားကြီးကျေးရွာနေ ချိုချိုထိုက်(ဘ)ဦးတင်ထွေး ၇/ပခန(နိုင်)၃၂၆၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျွန်းချောင်းကျေးရွာနေ မစုစုလှိုင်(ဘ)ဦးတင်ရွှေ ၇/ကတခ(နိုင်)၁၈၅၀၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 287055) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၅၈၁၇၃၄**

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်းအလည်ရပ်ကွက်၊ အမှတ်(၅၈)နေ အောင်ဇော်ဟိန်း(ဘ)အောင်နိုင် ၁၂/သလန(နိုင်)၁၂၂၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 858266) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၇၀၇၇၁၆**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ. ထ. က(မြို့မ)၊ Grade -9 မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်တီး ၁၂/သခန(နိုင်)၀၃၄၉၆၄ ဖြစ်ပါကြောင်း။ **ဦးချစ်တီး**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ. ထ. က(ကတုံးပေါ်အလယ်)၊ G-10 မှ မရွှေစင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးလော်ကားဆာမိ ၁၂/သခန(ပြု)၀၀၁၀၈၅ ဖြစ်ပါကြောင်း။ **ဦးလော်ကားဆာမိ**

### ဖခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အထက(ကဇိုင်း)ကျောင်း၊ Grade(12) မှ မမြတ်စကားဝါလွင်၏ဖခင်အမည်မှန်မှာ စောအောင်မြင့် ၁၀/ဘလန(နိုင်)၀၆၆၇၁၁ ဖြစ်ပါကြောင်း။ **စောအောင်မြင့်**

### ပျောက်ဆုံးကြောင်း
ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ မိုးဇော်အောင်(ဘ)သောင်းညွန့် ၇/ပမန (နိုင်)၁၃၆၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 820357) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၅၀၈၆၁**

### ပျောက်ဆုံးကြောင်း
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းနေ လှမျိုးနိုင်(ဘ)မြင့်နိုင် ၁၂/ဒဂန(နိုင်)၀၃၁၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 143878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၈၂၃၆၄၅၆**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ရွှေပြည်အေးရပ်ကွက်နေ ပန်းအိဖြူ(ဘ)ဦးလှမြင့် ၇/ပခန(နိုင်)၄၅၈၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၇၉၉၉၄၂**

### ပျောက်ဆုံးကြောင်း
စိုးငြိမ်းအောင်(ဘ)ဦးလှထွေး ၁၂/ရကန(နိုင်)၀၇၁၉၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 763693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ကျော်မျိုးလင်း(ဘ)ဦးကိုနိုင် ၇/ရတန(နိုင်)၁၄၆၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 970651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
လျှုဖုံသွေ(ဘ)ဦးလျှုအိန်ရှင် ၁၃/ကခန(နိုင်)၀၅၃၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မေဇင်ဖြိုး(ဘ)တင့်လွင် ၁၄/ဟသတ(နိုင်)၄၀၅၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 602911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
သဲဝါစိုး(ဘ)ဦးညီမောင် ၉/မလန(နိုင်)၀၉၈၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 406337)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ခိုင်ဇင်ဝင်း(ဘ)ဦးနိုင်ဝင်း ၈/ပခက(နိုင်)၃၆၇၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MU 072870)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
သဇင်ဖြိုး(ဘ)ဦးဟန်ရွှေ ၈/ပခက(နိုင်)၃၆၅၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MU 103445)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
နော်ခိုရီးဖော(ဘ)ဦးကာဒီး ၁၄/ကပန (နိုင်)၁၄၁၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 594551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
သန်းစိုးအောင်(ဘ)ဦးဇော်ဝင်း ၅/ဖပန(နိုင်)၁၁၀၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

မက်ဒရစ်၊ ဘောလုံး

## ဥရောပစူပါဖလားဖိုင်နယ်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမားအမ်ဘာပ်ပီ ပါဝင်ကစားမည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီအတည်ပြု




ရီးယဲလ်မက်ဒရစ်အသင်းက အသစ်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား အမ်ဘာပ်ပီအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတ္တလန္တာအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ဥရောပစူပါဖလားဖိုင်နယ်ပွဲတွင် စတင်ပါဝင်ကစားမည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက အတည်ပြုပြောကြားသည်။

အသက် ၂၅ နှစ်အရွယ် အမ်ဘာပ်ပီသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခြင်းဖြစ်သည်။

အမ်ဘာပ်ပီသည် ပြီးခဲ့သည့်ဇူလိုင်လက ပြင်သစ်အသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲဝင်ရောက်ကစားခဲ့ပြီး အားလပ်ရက်ရရှိနေသည့်အတွက် အနားယူနေကာ လက်ရှိအချိန်ထိ ရီးယဲလ်မက်ဒရစ်အသင်းနှင့်ပူးပေါင်းနိုင်ခြင်းမရှိသေးဘဲ ရီးယဲလ်မက်ဒရစ်အသင်း၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ်ပြီးဆုံးမှသာ အသင်းနှင့်ပူးပေါင်းမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဘဝ ပထမဆုံးပွဲစဉ်အဖြစ် ဥရောပစူပါဖလားဖိုင်နယ်ပွဲတွင် စတင်ပါဝင်ကစားမည်ဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီက " အမ်ဘာပ်ပီအနေနဲ့ ဥရောပစူပါဖလားဖိုင်နယ်ပွဲမှာ အသင်းအတွက် စတင်ပါဝင်ကစားမှာပါ။ လက်ရှိ အသင်းမှာ ကစားသမားတွေမစုံလင်သေးဘူးဆိုပေမယ့် ဥရောပစူပါဖလားဖိုင်နယ်ပွဲမှာတော့ ကစားသမားအားလုံး ပြန်လည်ပါဝင်လာမှာပါ။ လက်ရှိအချိန်မှာ ဘယ်လင်ဟမ်လည်း အားလပ်ရက်မှာ အနားယူနေတယ်ဆိုပေမယ့် သူလည်းပြန်လည်ပါဝင်ကစားမှာပါ။ သူတို့နှစ်ယောက်စလုံး ဥရောပစူပါဖလားဖိုင်နယ်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားကြပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Goal*

### နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➢ ပီအက်စ်ဂျီအသင်းက ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား ဂျာအိုနာဗက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာခေါ်ယူနိုင်ပြီးနောက် ဖရန့်ဖတ်အသင်းမှ ခံစစ်ကစားသမား ပါချိုကိုလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

➢ အက်သလက်တီကိုအသင်းက မန်စီးတီးအသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် လူငယ်တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်ကိုခေါ်ယူရန် အသင်းမှ ကွင်းလယ်ကစားသမား ဂျာအိုဖီးလစ်ကို အလိုက်ပေးပြီး တရားဝင်ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

➢ ဖီနာဘာချီအသင်းက မန်ယူအသင်းနှင့်အပြောင်းအရွှေ့မဖြစ်မြောက်သေးဘဲ ကြန့်ကြာနေသည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်ကိုခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

➢ ဝက်စ်ဟမ်းအသင်းက ဒေ့ါမွန်အသင်းကစားသမား နီကိုလတ်ဖရူးစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

ရောမ၊ ဘောလုံး

## အတ္တလန္တာအသင်း အဓိကတိုက်စစ်ကစားသမား စကာမာကာ ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ခုနစ်လခန့် အနားယူရမည်



အတ္တလန္တာအသင်း အဓိကတိုက်စစ်ကစားသမား စကာမာကာသည် ရာသီကြိုခြေစမ်းပွဲခရီးစဉ်အတွင်း ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သည့်အတွက် အနည်းဆုံး ခုနစ်လခန့် အနားယူရမည်ဟု အတ္တလန္တာအသင်းက အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် စကာမာကာသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဝက်စ်ဟမ်းအသင်းမှ အတ္တလန္တာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အတ္တလန္တာအသင်းက ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

စကာမာကာသည် လက်ရှိ အတ္တလန္တာအသင်း၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် အနည်းဆုံးခုနစ်လခန့် အနားယူရမည်ဖြစ်ပြီး လာမည့် ဥရောပစူပါဖလားဖိုင်နယ်ပွဲအဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတ္တလန္တာအသင်းတို့ကစားမည့် ပွဲစဉ်အပါအဝင် ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်သည်။

စကာမာကာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အတ္တလန္တာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ကာ ၁၉ ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;ESPN*

ပဲရစ်၊ ဘောလုံး

## ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မော်ရိုကိုအသင်းကိုအနိုင်ရရှိပြီး စပိန်အသင်းဗိုလ်လုပွဲသို့တက်ရောက်

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် မော်ရိုကိုအသင်းတို့ကစားခဲ့ရာ စပိန်အသင်းက အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း မော်ရိုကိုအသင်းက တန်ပြန်တိုက်စစ်များမှတစ်ဆင့် အကောင်းဆုံး ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရာဟီမီက မော်ရိုကိုအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပထမပိုင်းအပြီးတွင် မော်ရိုကိုအသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် စပိန်အသင်းက ပထမပိုင်းထက် ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် လိုပက်ဇ်က စပိန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ပြီး ပွဲချိန် ၈၅ မိနစ်တွင် ဆန်းချက်ဇ်က စပိန်အသင်းအတွက် အနိုင်သေချာစေမည့် ဂိုးသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲချိန်များတွင် မော်ရိုကိုအသင်းက ဂိုးသွင်းခွင့်အများအပြားရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ၂ ဂိုး- ၁ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဩဂုတ်လ ၉ ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

နေပြည်တော် ဩဂုတ် ၆

# ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်မိ/ရပ်ဖများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးပြီး



"နိုင်ငံအကျိုးအတွက်မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"ဗီဒီယို Clip ကို ပြသသည်။

ယင်းနောက် နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာပေဗိမာန်စာပေဆုရှင် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က ရသစာပေဖတ်စေချင် စသည့်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုအခြေအနေများ၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် ကျောင်းသား၊ ကျောင်းသူများ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အဆိုပါ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲမှ ဆုရရှိသူများကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ကျောင်းသား၊ ကျောင်းသူများကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံ၌ ကျင်းပသည့် နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ် နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်အသက်ကယ်ရှာဖွေရေးစွမ်းရည်များ ကျွမ်းကျင်မှုရှိလာစေရန်နှင့် စက်လှေမောင်းကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းသင်တန်းဆင်းပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌကို စက်လှေများဖြင့် ရင်ပေါင်တန်းဖြန့်အလေးပြုခြင်း၊ မြားဦးပုံသဏ္ဍာန်ဖြင့်အလေးပြုခြင်း၊ စက်လှေမောင်းစွမ်းရည်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၅ ဦးကို ဩဂုတ်လ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

နေပြည်တော် ဩဂုတ် ၆

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ဥတိုချောင်းအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့် (၂၅)ကီလိုဂရမ်ပါ (၄၄)အိတ် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၄ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ချောင်းကူးငယ်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယိုးဒယားစာတန်းပါ ပဲပိစပ်ဆီ (၁)လီတာပါ (၁၂၀၀)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ရွှေသာရီကားဂိတ်အတွင်း၌ တရားဝင်တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ (၄၇၁၆)ဘူးအပါအဝင် ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်စစ်သင်္ချိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၉၅၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၄၉၄၂)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mazda Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၀၄၉၄၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **ဩဂုတ်လ ၅ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Carabao အားဖြည့်အချိုရည် (၈၁၆၀၀)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၇၁၂၁၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၃၈၆)မိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဇီးခြံကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D (၄၂၅၀၀) ပုလင်းအပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၄၇၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ပုလိပ်မြို့၊ Denko ဆီဆိုင်ရှေ့၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ပလတ်စတစ်သောက်ရေဘူး (၃၉၀)ကီလိုဂရမ်၊ အမျိုးသမီးဝတ်ချည်ထည် (၁၅၅၀)ထည်အပါအဝင် ကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၆၆၈၃၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၃၈၅၅၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၂ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၃၈၀၄၈၈)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**



မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးတံတား၊ပုဂံ၊ကျိုက်ထို၊ကျောက်ဆည်မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဗီတို့တွင်လွှတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၂၃၆၅၅၇၊၂၃၀၁၂၈၊၂၃၀၁၂၉




Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368, 2301452, 2301378
လုံခြုံလျှင်မြန်ဆောင်ရွက်ပြန်မှန် မြဝတီဘဏ်
Myawaddy Bank Limited
MPU
UnionPay




အရည်အသွေးမြင့် စားသောက်ကုန်များ အဝါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ဗိုတ်ရတ်မရှိ လတ်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
TRISTAR
RHINO
PORTLAND CEMENT
LEMON
SODA
SUGARMEC
NAN MYAING
Lemon Tea
STARMART nine mile Showroom




Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
DENTOMEC

❖ MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

စာ - ၁၄ သို့

## အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

စာ - ၁၅ သို့

## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရာမညယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌

စာမျက်နှာ ၂၆ ကော်လံ ၁ ■




## စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ် ရေကြီးမှုအခြေအနေ

### မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြု

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၄ ပေခန့် (၁၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●

## ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်

စာ - ၁၀ သို့

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၄ သို့





အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563